ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ၊ ... စတင်ထုတ်ဝေသည်
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (19-11-2014) (၈၀၂၉)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

"ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် ဆက်လက်ဆွေးနွေး"

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး
စာမျက်နှာ - ၇

"လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေ ဥပဒေပြဋ္ဌာန်းချက်ပါ စည်းကမ်းများလိုက်နာခြင်း မရှိပါက အရေးယူဆောင်ရွက်သွားမည်"

ပြည်သူ့လွှတ်တော်အစည်းအဝေး
စာမျက်နှာ - ၇

"စက်သုံးဆီများ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက အရေးယူဆောင်ရွက်လျက်ရှိ"

အမျိုးသားလွှတ်တော်အစည်းအဝေး
စာမျက်နှာ - ၇

# ချင်းပြည်နယ်အထိမ်းအမှတ်ဖြစ်သော တောင်ဇလပ်နှင့် ချယ်ရီပင်များ ထိန်းသိမ်းစောင့်ရှောက်ရေး ကနေဒီ စိမ်းလန်းစိုပြည်ရေးအဖွဲ့ ပညာပေး

**တီးတိန် နိုဝင်ဘာ ၁၈**

ချင်းပြည်နယ်၏အမှတ်အသားဖြစ်သော ချယ်ရီနှင့် တောင်ဇလပ်ပင်များကို စည်းကမ်းမဲ့ ခုတ်ထွင်နေမှုမှ ကာကွယ်ရန် တီးတိန်မြို့နယ် ကနေဒီတောင် (Thuamvum - Thangmual) စိမ်းလန်းစိုပြည်ရေးအဖွဲ့ (Green Kenedy Group)က ချင်းတောင်ပေါ်သို့ သွားလာသည့် မော်တော်ယာဉ်များနှင့် ကျေးလက်နေပြည်သူများကို အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ချယ်ရီပင်နှင့် တောင်ဇလပ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ရေး လှုပ်ရှားမှုအစီအစဉ်တစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုအဖြစ် ချင်းပြည်နယ်၏အလှကိုဖော်ကျူးသည့် "ပြည်နယ်အလှ ချယ်ရီ၊ တောင်ဇလပ်ကို ထိန်းသိမ်းကာကွယ်ကြပါစို့" နှင့် "ကျွန်ုပ်အလှကို မဖျက်ဆီးပါနှင့်"ဟူသည့် စာတန်းပါလွှဲဆော်ဗီနိုင်းပိုစတာများနှင့် ချယ်ရီ၊ တောင်ဇလပ်ပန်းပင်ပုံပါ သတိပေးစတေကာများကို နိုဝင်ဘာလ ပထမပတ်က ကလေးမြို့မှ လူငယ် ၂၅ ဦးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူငယ် ၃၄ ဦးတို့ ပါဝင်သော တီးတိန်-ဖလမ်း-ဟားခါး မြို့ပြေးဆွဲသည့် မော်တော်ယာဉ်များပေါ်နှင့် လမ်းဘေးကျေးရွာများတွင် ကပ်ခြင်း၊ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လူငယ်နှီးနှောဖလှယ်ပွဲလှုပ်ရှားမှုတစ်ရပ် တီးတိန်မြို့နယ် **စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ❖



ချင်းပြည်နယ်၏အလှကိုဖော်ကျူးသည့် ချယ်ရီပန်းများကို လှပစွာတွေ့ရစဉ်။



ဘီဘီစီ ကမ္ဘာ့တစ်လွှားအစီအစဉ်၏ ညွှန်ကြားရေးမှူး မစ္စတာ ပီတာ ဟောရော့ခ်စ်။

# မီဒီယာကဏ္ဍလွတ်လပ်မှုရှိလာသည်နှင့်အမျှ သတင်းသမားများဘက်လိုက်မှုကင်းရန် တာဝန်ရှိဟု ဘီဘီစီကမ္ဘာ့တစ်လွှားအစီအစဉ်၏ ညွှန်ကြားရေးမှူး မစ္စတာ ပီတာ ဟောရော့ခ်စ် ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်များအတွင်း မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက်ကြီးမားသည့် ခြေလှမ်းများဖြစ်ကြောင်းနှင့် တစ်ဖက်တွင် သတင်းမီဒီယာကဏ္ဍ လွတ်လပ်မှုရှိလာသည်နှင့်အမျှ သတင်းသမားများအနေဖြင့် မှန်မှန်ကန်ကန်ဘက်လိုက်မှုကင်းကင်းတင်ပြရန် တာဝန်ရှိလာကြောင်းဖြင့် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်သည့် "အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းနှင့် ယင်း၏ စိန်ခေါ်မှုများ"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် ဘီဘီစီ ကမ္ဘာ့တစ်လွှားအစီအစဉ်၏ ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာ ပီတာ ဟောရော့ခ်စ်(Mr. Peter Horrocks)က ပြောကြားခဲ့သည်။

"၂၀၁၂ ခုနှစ်မှာတော့ မြန်မာမီဒီယာလောကမှာ အချိုးအကွေ့ကြီး တစ်ခုတွေ့လာရပါတယ်။ မြန်မာခေါင်းဆောင်တွေဟာ တိုင်းပြည်ကိုနှစ်ပေါင်းများစွာ အထီးကျန်နေမှုက ဆွဲထုတ်ပြီး အရင်ကမရှိခဲ့ဖူးတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ဆက်တိုက်လုပ်လာခဲ့ပါတယ်။ အစိုးရက ပုံနှိပ်မီဒီယာတွေ မထုတ်ဝေခင်ဆင်ဆာတင်ရတဲ့ စနစ်ကိုဖျက်သိမ်းခဲ့ပါတယ်။ ဒါဟာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် ကြီးမားတဲ့ ခြေလှမ်းတစ်ခုပါပဲ။ ၂၀၁၃ ခုနှစ် ဧပြီလက စတင်ပြီး ပုဂ္ဂလိက နေ့စဉ်သတင်းစာတွေကို ထုတ်ဝေဖြန့်ချိခွင့်ပြုခဲ့ပြီး ယနေ့ အချိန်မှာ နေ့စဉ်ထုတ်သတင်းစာ ၁၆ စောင်နဲ့အပတ်စဉ်ထုတ်ဂျာနယ် ၃၀၀ ကျော် အထိတိုးလာပါတယ်။

"အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးတွေထဲမှာ ပုဂ္ဂလိက FM ရေဒီယို အသံလွှင့်ဌာနတွေကို ဖွင့်ခွင့်ပြုလာတာလည်း ပါပါတယ်။ အခုတော့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ○



## ကြေးမုံစာတည်းရှုထောင့်

**၁၉-၁၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့**

# ပြည်သူလူထုပူးပေါင်းပါဝင်မှု အောင်မြင်

နိုင်ငံတော်သည် တရားမျှတခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာစေရေးအတွက်လည်းကောင်း၊ အမျိုးသားအကျိုးစီးပွား လုံခြုံရေးနှင့် ပြည်သူများ၏ဘဝ လွတ်လပ်မှုအာမခံချက်ရှိစေရေးအတွက်လည်းကောင်း ဒီမိုကရေစီလုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေစွာ အစဉ်ရှေးရှုဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် ပြည်သူလူထု၏ အဓိကလိုအပ်ချက်ဖြစ်သည့် နယ်မြေဒေသတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဦးစွာတိုင်းရင်းသားပြည်သူလူထုတို့၏ စွမ်းအားစုများအပေါ်တွင် အခြေတည်သည်ဟု ဆိုရမည်ဖြစ်သည်။

ရပ်ရွာဒေသများတည်ငြိမ်မှ၊ ရပ်ရွာဒေသများ တရားဥပဒေစိုးမိုးမှ နယ်မြေဒေသအားလုံး အေးချမ်းသာယာပါမည်။ နယ်မြေဒေသများ အေးချမ်းသာယာပါမှ ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာဖြင့် မိမိတို့၏ လူမှုဘဝများ အဆင်ပြေစေမည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စိတ်ချလက်ချလုပ်ကိုင်နိုင်ကာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော လူမှုဘဝများကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

အဆိုပါ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သည့် မိမိတို့ဒေသ၏ တရားဥပဒေစိုးမိုးမှုနှင့် ရပ်ရွာအေးချမ်းသာယာမှု ပကတိအခြေအနေများကို ပြည်သူလူထုသာလျှင် အသိဆုံး၊ ပြည်သူလူထုသာလျှင် လက်တွေ့အခံစားရဆုံးဖြစ်ပါသည်။ မိမိတို့ဒေသမတည်ငြိမ်လျှင် ဒေသခံပြည်သူလူထုပင် ကြောက်ရွံ့ထိတ်လန့်စိုးရိမ်နေရမည်။ မိမိတို့ဒေသတွင် အေးချမ်းသာယာမှုမရှိလျှင် မိမိတို့ပင် ပျော်ရွှင်ချမ်းမြေ့မှု ကင်းမဲ့နေမည်။ မိမိတို့ဒေသတွင် တရားဥပဒေစိုးမိုးမှုမရှိလျှင် မိမိတို့ပြည်သူလူထုသည်ပင် အလုပ်အကိုင်ပျက် စိတ်ဒုက္ခရောက်နိုင်ပေသည်။

ဥပမာအားဖြင့် မိမိတို့ဒေသတွင် ဥပဒေမဲ့လုပ်ရပ်များ၊ ဒုစရိုက်မှုကျူးလွန်ခြင်းများရှိနေပါက ထိုဒေသရှိပြည်သူလူထုများပင် အလုပ်အကိုင်ပျက်ခြင်း၊ ကြောက်ရွံ့စိုးရိမ်မှုရှိခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းများ ဆိတ်သုဉ်းခြင်းများ ဖြစ်ပေလိမ့်မည်။ ယင်းသို့မဖြစ်ပွားစေရန်အတွက် မူလဆောင်ရွက်ပေးရမည့်သူများမှာ အုပ်ချုပ်ရေး၊ လုံခြုံရေးတာဝန်ရှိသူများဖြစ်ကြသော်လည်း အဆိုပါဖြစ်စဉ်များကို ဦးစွာသိရှိထားကြသူများမှာ ပြည်သူလူထုပင်ဖြစ်သည်။

ထို့ကြောင့် နယ်မြေဒေသတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တိုင်းရင်းသားပြည်သူလူထုတို့၏ စွမ်းအားစုများအပေါ်တွင် ဦးစွာအခြေတည်သည်ဟု ဆိုရခြင်းဖြစ်ပါသည်။ ထိုဖြစ်စဉ်များကို ပြည်သူလူထုက တာဝန်သိစွာပူးပေါင်းပါဝင်မှုစွမ်းအားများဖြင့် သက်ဆိုင်ရာသို့ ဦးစွာအသိပေးခြင်းအားဖြင့် မိမိတို့ဒေသ တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းသာယာရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရာတွင် အထောက်အကူဖြစ်ပေလိမ့်မည်။

အချို့ဖြစ်စဉ်များတွင် တာဝန်သိသော ပြည်သူလူထု၏ ကြိုတင်အသိပေးမှုများကြောင့် ဒုစရိုက်မှုများအား ဟန့်တားကာကွယ်တားဆီးပေးနိုင်ခဲ့သည်များလည်းရှိသည်။ ကျူးလွန်ခဲ့သူများအား ထိန်းသိမ်းနိုင်ခဲ့သည်လည်းရှိသည်။ ယင်းသို့ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်ပေးမှုများသည် နယ်မြေ ပြည်သူလူထု၏ အကျိုးစီးပွားအတွက်ဖြစ်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ဒုစရိုက်မှုများအား ခပ်စိပ်စိပ်တွေ့လာရသည်။ သက်ဆိုင်ရာတာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များကလည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နေ့/ညမရွေး ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ပြည်သူလူထုပူးပေါင်းပါဝင်မှုသည် ရပ်ရွာအေးချမ်းသာယာရေးအတွက် အင်အားတစ်ရပ်ဖြစ်၍ ပူးပေါင်းပါဝင်ကူညီကြရန် သက်ဆိုင်ရာက နှိုးဆော်လျက်ရှိသည်။

သို့ပါ၍ နယ်မြေဒေသတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် ပြည်သူလူထုအတွက် ကနဦးလိုအပ်ချက်များဖြစ်၍ ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့အကျိုးစီးပွားအတွက် တာဝန်သိသိ ပူးပေါင်းကူညီကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၅၀၀၀ | - | ၆၆၅၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၅၀၀၀ | - | ၆၆၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၉၆. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၉. ၈၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၇၂၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၁၀. ၅၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၈၄၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၁. ၉၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၇၆၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၇. ၃၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၁. ၆၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း





# သင်တန်းသားများ ပိုမိုအရည်အချင်းပြည့်ဝရန်နှင့် ဘာသာရပ်များ တိုးချဲ့သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ရန်လို

**နေပြည်တော် နိုဝင်ဘာ ၁၈**

လက်တွေ့ခန်းနှင့် အလုပ်ရုံများကို စနစ်တကျစီစဉ်ဆောင်ရွက်ကြရန်၊ လက်ရှိသင်ကြားလျက်ရှိသည့် ဘာသာရပ်သင်တန်းများတွင် တက်ရောက်လျက်ရှိသည့် သင်တန်းသားများ ပိုမိုအရည်အချင်း ပြည့်ဝစေရေးအတွက် ဆောင်ရွက်ကြရန်နှင့် ဘာသာရပ်များ တိုးချဲ့သင်ကြားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ကြရန်၊ ပြင်ပကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုရရှိအောင် ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

ထို့ပြင် ဆရာ ဆရာမများအနေဖြင့်လည်း ခေတ်စနစ်၏ တိုးတက်ပြောင်းလဲမှုအခြေအနေများကို စဉ်ဆက်မပြတ်လေ့လာပြီး ကြိုးစားဆောင်ရွက်ကြရန်နှင့် မိမိတာဝန်များကို စေတနာ အပြည့်အဝဖြင့် ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုအပ်ကြောင်း နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း(ရွာမ)၌ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် အမှာစကားပြောကြားရာ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါကျောင်းရှိ လက်တွေ့ခန်းများနှင့် အလုပ်ရုံများတွင် ကျောင်းသား ကျောင်းသူများ လက်တွေ့ လုပ်ဆောင်နေမှုများကို ပြည်ထောင်စုဝန်ကြီးက ကြည့်ရှုအားပေးခဲ့ပြီး နည်းပညာနှင့် သက်မွေးပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် ရန်ကုန်မြို့ရှိ ဝေဘာဂီလက်မှုပညာသင်ကျောင်း၊ လက်မှုပညာသင်ကျောင်း(လှိုင်သာယာ)၊ စက်မှုလက်မှုအထက်တန်းကျောင်း(အောင်ဆန်း)နှင့် လက်မှုလုပ်ငန်းပညာသင်ကျောင်း (အောင်ဆန်း)တို့သို့ ဆက်လက်သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၅/၂၀၁၄) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union)အစည်းအဝေး(၅/၂၀၁၄)ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက(၄/၂၀၁၄) အစည်းအဝေးဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သတင်းမီဒီယာသမားများအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် (C)ဆောင် ဒုတိယထပ်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကသည် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၄၁ ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက် စုစုပေါင်း ၄၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံအမတ်ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့၌အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာတာနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဟာဆန် ဘင် မိုဟာမက် ရာဖီ အယ်လ် အီမာဒီအား ခန့်အပ်ရန် ကာတာနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်ပါသည်။

မစ္စတာ ဟာဆန် ဘင် မိုဟာမက် ရာဖီအယ်လ် အီမာဒီကို ၁၉၅၇ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်ဘာသာဗေဒနှင့် အရှေ့တိုင်းဆိုင်ရာ လေ့လာရေးဌာနမှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။

မစ္စတာ ဟာဆန် ဘင် မိုဟာမက် ရာဖီအယ်လ် အီမာဒီသည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ လေ့လာရေးနှင့် သုတေသနအကြီးအကဲအဖြစ် ပညာရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ၂၀၀၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ရုံးတွင်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အစ္စလာမ်မာဘတ်မြို့ရှိ ကာတာသံရုံးတွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကိုင်ရိုမြို့ရှိ ကာတာသံရုံးတွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ဦးနှင့် သမီးသုံးဦးရှိပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်သို့လာရောက်လေ့လာကြသည့် ဓနုတိုင်းရင်းသားများအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့သို့ လာရောက်လေ့လာကြသည့် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်၊ ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တို့မှ ဓနုတိုင်းရင်းသားများအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

**(သတင်းစဉ်)**






# ထိုင်းစစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျ တပ်ဖွဲ့ဝင်ကိုးဦး သေဆုံး



ဗန်ကောက် နိုဝင်ဘာ ၁၈

**ထိုင်းနိုင်ငံမြောက်ပိုင်းတွင် စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါ တပ်ဖွဲ့ဝင် ကိုးဦး သေဆုံးပြီး ၎င်းတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိပြီးဖြစ်ကြောင်း ထိုင်းစစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။**

ဗန်ကောက်မြို့မှ ကီလိုမီတာ ၅၉၀ (မိုင်၃၇၀)အကွာရှိ ဖျားရောင်းပြည်နယ်ရှိ စစ်အခြေစိုက်စခန်းတစ်ခုမှ အဆိုပါရဟတ်ယာဉ် ပျံတက်အပြီး မိနစ်အနည်းငယ်အကြာတွင် ပျက်ကျခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်မှာ အင်ဂျင်နှစ်လုံးတပ် ဘဲလ်-၂၁၂ အမျိုးအစားဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မီးလောင်ကျွမ်းကာပြန့်ကျဲနေသည့် ရဟတ်ယာဉ် အပိုင်းအစများကို ရော်ဘာစိုက်ခင်းတစ်ခုအတွင်း၌ ထိုင်းရွာသားများက ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

မည်သည့်အကြောင်းကြောင့် ရဟတ်ယာဉ်ပျက်ကျရသည်ကိုမူ မသိရှိရသေးကြောင်း စစ်ဘက်က ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သူတစ်ဦးမှာ အဆိုပါဒေသ၏ တပ်မှူးတစ်ဦးဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

၂၀၁၁ ခုနှစ်အတွင်းက ရက်အနည်းငယ်အတွင်း ရဟတ်ယာဉ်ပျက်ကျမှု သုံးကြိမ်ဖြစ်ပွားကာ လူ ၁၇ ဦး သေဆုံးသည့်ဖြစ်ရပ်များ ဖြစ်ပွားပြီးနောက် ထိုင်းတပ်မတော်က ဘဲလ်-၂၁၂ အမျိုးအစား ရဟတ်ယာဉ်အုပ်စုအား ပျံသန်းမှုများရပ်ဆိုင်းထားခဲ့သည်။ **[ဘီဘီစီ]**

# ဂျေရုဆလင်မြို့အနောက်ပိုင်းမှ ဝတ်ပြုစုဝေးပွဲတစ်ခုအား လက်နက်ကိုင်များတိုက်ခိုက်၍ လေးဦးသေဆုံး



ဂျေရုဆလင် နိုဝင်ဘာ ၁၈

**ပစ္စတိုသေနတ်၊ ဓားနှင့် ပုဆိန်တို့ကို ကိုင်ဆောင်ထားသည့် လက်နက်ကိုင်နှစ်ဦးက ဂျေရုဆလင်မြို့အနောက်ပိုင်း၌ ပြုလုပ်သောဝတ်ပြုစုဝေးပွဲတစ်ခုအား နိုဝင်ဘာ ၁၈ ရက်က တိုက်ခိုက်ရာ အစ္စရေးနိုင်ငံသားလေးဦးထက်မနည်း သေဆုံးပြီး လူရှစ်ဦးထိခိုက်ဒဏ်ရာရခဲ့သည်ဟု အစ္စရေးရဲတပ်ဖွဲ့က ပြောကြားသည်။**

ယင်းတိုက်ခိုက်သူနှစ်ဦးမှာ ဂျေရုဆလင် အရှေ့ပိုင်းမှ ပါလက်စတိုင်းလူမျိုးများဖြစ်ပြီး ၎င်းတို့မှာ ပစ်ခတ်မှုများကြောင့် သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်စဉ်မှာ ဂျေရုဆလင်မြို့ရှိ ဘာသာရေးအရ မြင့်မြတ်သောနေရာတစ်ခုကို အကြောင်းပြု၍ မကြာသေးမီက ဖြစ်ပွားခဲ့သော တင်းမာမှုများကြောင့် လူအသေအပျောက်များရှိခဲ့သော တိုက်ခိုက်မှုများအနက်တစ်ခုဖြစ်သည်။

အစ္စရေးလူမျိုးလေးဦး သေဆုံးရမှုမှာ ဂျေရုဆလင်မြို့တွင် ခြောက်နှစ်အတွင်း အရေအတွက်အများဆုံးဖြစ်ပြီး ယင်းဖြစ်ရပ်အတွက် ပြင်းထန်စွာလက်တုံ့ပြန်ရန် သန္နိဋ္ဌာန်ချထားသည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့၏ သမ္မတ မာမွတ်အဘတ်စ်၏ရုံးမှ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ဂျူးလူမျိုးများ ဝတ်ပြုဆုတောင်းနေမှုကို တိုက်ခိုက်ခဲ့ခြင်းအား ပါလက်စတိုင်း သမ္မတအနေဖြင့် ရှုတ်ချကြောင်းနှင့် အရပ်သားများအား မည်သူကမျှ မည်သည့်အကြောင်းပြချက်ဖြင့် မဆိုသတ်ဖြတ်ခြင်းအား ရှုတ်ချကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

[ဘီဘီစီ]

# ရိုဟာနီတင်သွင်းသည့် ဝန်ကြီးအမည်စာရင်း အီရန်လွှတ်တော်ပယ်ချ

**တီဟီရန် နိုဝင်ဘာ ၁၈**

အီရန်သမ္မတ ရိုဟာနီတင်သွင်းထားသည့် သိပ္ပံရေးရာဝန်ကြီး အမည်စာရင်းကို လွှတ်တော်က ပယ်ချခဲ့သည်။ သိပ္ပံရေးရာဝန်ကြီးနေရာအတွက် ဖက်ခ်ရိုဒင် အမာဒီဒါနက်ရှ် အာရှစ်အာနီအား အမည်စာရင်းတင်သွင်းထားမှုကို ကွန်ဆာဗေးတစ်များလွှမ်းမိုးနေသည့် အီရန်လွှတ်တော်တွင် နိုဝင်ဘာ ၁၈ ရက်က မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၇၀၊ ကန့်ကွက်မဲ ၁၇၁ဖြင့် ပယ်ချခံခဲ့ရသည်။ လွှတ်တော်သို့ ဥပဒေပြုအမတ် ၂၅၇ ဦးတက်ရောက်ခဲ့ပြီး ၁၆ ဦး ပျက်ကွက်ခဲ့သည်။

အဆိုပါမဲခွဲဆုံးဖြတ်မှုမှာ အစွန်းမရောက်သည့် အလယ်အလတ်သမား သမ္မတ ရိုဟာနီနှင့် သဘောထားတင်းမာသည့် ဆန့်ကျင်ရေးသမားများ လွှတ်တော်အတွင်း စိတ်ဝမ်းကွဲမှုမြင့်တက်လာခြင်းကို မီးမောင်းထိုးပြလျက်ရှိသည်။ ရိုဟာနီ၏ အနောက်တိုင်းလိုလားသည့် ဆုံးဖြတ်ချက်များနှင့် တက္ကသိုလ်များကို ပြုပြင်ပြောင်းလဲမှုများအပေါ် ဆန့်ကျင်သူများက ဒေါသဖြစ်နေကြသည်။

အောက်တိုဘာလအတွင်းက အဆိုပါရာထူးနေရာအတွက် တင်သွင်းခဲ့သည် မာမွတ်နီးလ် အာမက်ဘာဒီကိုလည်း လွှတ်တော်က ပယ်ချခဲ့သည်။ သိပ္ပံရေးရာဝန်ကြီးဟောင်း ရီဇာ ဖာရာဂျီ ဒါနာသည်လည်း အလားတူ စွပ်စွဲချက်များဖြင့် ဩဂုတ်လတွင် ထုတ်ပယ်ခံခဲ့ရသည်။

အာရှစ်အာနီသည် သိပ္ပံရေးရာဒုတိယဝန်ကြီးအဖြစ် ၁၉၉၇ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ **[အေပီ]**

# အိုင်အက်စ်တို့ထံမှ လက်နက်များကို ကာ့ဒ်တပ်ဖွဲ့ များ သိမ်းယူ

**ဘေရွတ် နိုဝင်ဘာ ၁၈**

ကိုဘာနီမြို့အား ဝိုင်းရံထားသော အိုင်အက်စ်တပ်ဖွဲ့များထံမှ အဆောက်အအုံခြောက်လုံးနှင့် လက်နက်ခဲယမ်းများကို ကာ့ဒ်တိုက်ခိုက်ရေးသမားများက အင်္ဂါနေ့တွင် သိမ်းယူလိုက်ကြောင်း စစ်ပွဲလေ့လာရေးအဖွဲ့တစ်ဖွဲ့က ပြောကြားလိုက်သည်။

အိုင်အက်စ်တပ်ဖွဲ့များက ကိုဘာနီမြို့ကို ထိန်းချုပ်ရန် တစ်လခန့်ကြိုးပမ်းခဲ့ပြီး ၎င်းဖြစ်ရပ်ကြောင့် ကာ့ဒ်အရပ်သား ထောင်ပေါင်းများစွာ တူရကီနယ်စပ်သို့ ထွက်ပြေးခဲ့ရသည်။

အီရတ်နိုင်ငံ၏ ဒေသအတော်များများအား ဆွန်နီမွတ်စလင်အယ်လ်ခိုင်ဒါအုပ်စုက သိမ်းပိုက်ထားပြီး အစ္စလာမ့်နိုင်ငံတော် ထူထောင်ရန် ကြိုးစားနေကြသည်။

ကာ့ဒ်တိုက်ခိုက်ရေးသမားများသည် အိုင်အက်စ်တပ်ဖွဲ့ထံမှ အဆောက်အအုံခြောက်လုံးနှင့်အတူ လောင်ချာများ၊ စက်သေနတ်များ သိမ်းယူရရှိကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။

တိုက်ခိုက်မှုများအတွင်း အိုင်အက်စ်တပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးပြီး ၎င်းတို့အနက် ခေါင်းဆောင်နှစ်ဦး ပါဝင်ကြောင်း ပြောကြားသည်။

ကာ့ဒ်တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သော ရက်သတ္တပတ်က အိုင်အက်စ်အဖွဲ့၏ ထောက်ပံ့ရေးလမ်းကြောင်းအား ပိတ်ဆို့နိုင်ခဲ့သည်။ လွန်ခဲ့သော ရက်အနည်းငယ်က မိမိတို့သည် အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် အောင်မြင်မှုကြီးကြီးမားမား ရရှိခဲ့ကြောင်း အဲရစ်နဆင်အမည်ရှိ ကိုဘာနီမြို့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

**[ရိုက်တာ]**





## အီဘိုလာကူးစက်မှုကြောင့် အမေရိကန်တွင် ဆေးကုသမှုခံယူနေသည့် ဆီရာလီယွန် ဆရာဝန်သေဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အီဘိုလာရောဂါခံစားနေရခြင်းကြောင့် အမေရိကန်နိုင်ငံတွင် ဆေးဝါးကုသမှုခံယူနေသည့် ဆီရာလီယွန်နိုင်ငံမှ ဆရာဝန်တစ်ဦးသည် နိုဝင်ဘာ ၁၆ ရက်တွင် သေဆုံးသွားကြောင်း နီဘရာစကာပြည်နယ်မှ ဆေးရုံတစ်ရုံ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံသူနှင့်လက်ထပ်ထားပြီး အမေရိကန်နိုင်ငံသားခံယူထားသူ ဒေါက်တာမာတင်ဆာလီယာသည် နီဘရာစကာ ပြည်နယ်သို့ ဆေးကုသမှုခံယူရန် နိုဝင်ဘာ ၁၅ ရက် တွင် ရောက်ရှိလာပြီး ၎င်း၏ ရောဂါအခြေအနေမှာ ဆိုးရွားသည်ဟု သတင်းတွင်ဖော်ပြသည်။

နိုဝင်ဘာ ၁၆ ရက် နံနက်တွင် အဆိုပါဆေးရုံ၏ ထုတ်ပြန်ကြေညာချက်၌ အသက် (၄၄) နှစ်အရွယ်ရှိ အဆိုပါဝေဒနာရှင် ဆရာဝန်မှာ သေဆုံးသွားကြောင်း ဖော်ပြသည်။

အီဘိုလာရောဂါကူးစက်ဖြစ်ပွားနေသည့် လတ်တလောအခြေအနေတွင် ၎င်းရောဂါကြောင့် သေဆုံးရသူဦးရေ ၅၀၀၀ ကျော်ရှိပြီဖြစ်ပြီး သေဆုံးသူ အများစုနီးပါးမှာ အနောက်အာဖရိကဒေသမှဖြစ်သည်။ ဒေါက်တာဆာလီယာမှာ အမေရိကန် ပြည်ထောင်စု၌ အီဘိုလာရောဂါကြောင့် ဒုတိယမြောက် သေဆုံးခဲ့သူဖြစ်သည်။

**[ဘီဘီစီ]**

# မြန်မာနှင့် အာဆီယံအတွက် အကျိုးရလဒ်များစွာကို ဆောင်ကြဉ်းပေးနိုင်မည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး

သတင်းဆောင်းပါး-
ခင်မောင်ထွေး၊ နန္ဒာဝင်း
ဓာတ်ပုံ-ဇော်မင်းလတ်၊ လှမိုး

**ဖွံ့ဖြိုးပြီးစက်မှုထိပ်သီး ခုနစ်နိုင်ငံဖြစ်သည့် ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ပြည်ထောင်စုသမ္မတဂျာမနီ၊ ဗြိတိန်၊ ကနေဒါနှင့် အီတလီတို့ ပါဝင်သော ဂျီ-၇ အုပ်စု (Group of -7) ထိပ်သီးအစည်းအဝေးကို ၁၉၇၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ မြို့တော်များတွင် အလှည့်ကျ ကျင်းပခဲ့ကြသည်။**


ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။


ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်။


ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းရေး၊ ကမ္ဘာ့ငွေကြေးစနစ် တည်ငြိမ်မှုအတွက် ဝင်ရောက်ထိန်းသိမ်းရေး၊ နိုင်ငံတကာကုန်သွယ်မှုတွင် မိမိ၏ ပြည်တွင်းစီးပွားရေးအကျိုးအမြတ်ကို တစ်ဖက်သတ်ကြည့်တတ်သော ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒ ( Protectionism) အရ ကိုယ်ကျိုးစီးပွားကာကွယ်မှု (Protection)များ ပိုမိုမဖြစ်ပေါ်စေရေးကို ရည်ရွယ်၍ ဖွဲ့စည်းခဲ့ကြသည်။ နောက်ပိုင်းတွင် ရုရှားနိုင်ငံပါဝင်လာသောကြောင့် စက်မှုထိပ်သီးအုပ်စုရှစ်နိုင်ငံ (Group of -8) ဖြစ်လာခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အာရှငွေကြေးဂယက်ကြောင့် ကမ္ဘာ့စီးပွားရေးကို ထိန်းကျောင်းနိုင်ရန် အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တူရကီ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့ ပါဝင်သော ဂျီ-၂၀ (Group of -20) ပေါ်လာပြန်သည်။

၂၀၀၈ ခုနှစ်တွင်မူ ကမ္ဘာ့စီးပွားရေးနေးကွေးမှုကြောင့် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နှစ်စဉ်ထိပ်သီးအစည်းအဝေးများကျင်းပပြီး ကမ္ဘာ့စီးပွားရေးပျက်ကပ်များကို ရှောင်ရှားနိုင်ရန် နိုင်ငံတကာစီးပွားရေးမူဝါဒများကို ထိန်းညှိပေးသည့်အဖွဲ့အစည်းအဖြစ် ပေါ်ထွက်လာသည်။

၂၀၁၄ ခုနှစ် နဝမအကြိမ်မြောက် ဂျီ-၂၀ အစည်းအဝေးကို ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ဘရစ္စဘိန်းမြို့၌ နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် ကျင်းပနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံဥက္ကဋ္ဌအနေဖြင့် အိမ်ရှင်နိုင်ငံ၏ ဖိတ်ကြားခြင်းခံရသည့်အတွက် အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။

မြန်မာ့သမိုင်းတွင် အာဆီယံနိုင်ငံများ ကိုယ်စား ဂျီ-၂၀ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နိုင်ငံတော်သမ္မတသည် နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် အမိမြေသို့ ပြန်လည်ရောက်ရှိလာသည်။

သို့ဖြင့် နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့သူ အချို့ကို မေးမြန်း၍ စုစည်းတင်ပြလိုက်ရပါသည်။

### ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

ဂျီ-၂၀ အဖွဲ့ကြီးဟာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနဲ့ စဉ်းစားသုံးသပ်မှုကို အဓိကထား လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းကြီး ဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံ နှစ်ပုံလောက်ရှိတဲ့ ဈေးကွက်ကြီးမှာလည်း အားလုံးသော ဂျီ-၂၀ နိုင်ငံများက ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် အင်မတန်အရေးကြီးတဲ့ အစည်းအဝေးကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ထို့အတူ ကမ္ဘာ့ထိပ်သီးနိုင်ငံအားလုံး ပါဝင်တာဖြစ်တဲ့အတွက် နိုင်ငံခေါင်းဆောင်အကြီးအကဲအားလုံးလည်း ပါဝင်တက်ရောက်ဆွေးနွေးကြပါတယ်။ ဂျီ-၂၀ နိုင်ငံများရဲ့ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို အခြေခံပြီး ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကို နောက်ဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ရုရှားနိုင်ငံက ဂျီ-၂၀ နိုင်ငံများရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့တယ်။ ဒီနှစ် ဂျီ-၂၀ နိုင်ငံများရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့ ဩစတြေးလျအနေနဲ့ အခုထိပ်သီးအစည်းအဝေးအပြင် တစ်နှစ်လုံးမှာ ကျင်းပခဲ့တဲ့ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမှာ အာဆီယံနိုင်ငံများကိုယ်စား အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားတဲ့ မြန်မာနိုင်ငံကိုလည်း ဖိတ်ကြားတဲ့အတွက် ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကိုလည်း တက်ရောက်ခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း အဓိကအားဖြင့် ဩစတြေးလျနိုင်ငံမှာ သုံးကြိမ်၊ ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ပထမက ဆစ်ဒနီမှာ ကျင်းပခဲ့ပါတယ်။ ဒုတိယက ကိန်းဆိုတဲ့နေရာမှာ ၊ အခု တတိယကတော့ ဘရစ္စဘိန်းမှာ ထိပ်သီးအစည်းအဝေးနဲ့ တစ်ပြိုင်နက်တည်း ကျင်းပခဲ့တာဖြစ်ပါတယ်။

ဂျီ-၂၀ နိုင်ငံများရဲ့ ဘဏ္ဍာရေးဝန်ကြီးများက နိုင်ငံများရဲ့ ဘဏ္ဍာရေးဆိုင်ရာတိုးတက်မှုနဲ့ စီးပွားရေးတိုးတက်မှုအခြေအနေကို အဓိကထားပြီး သုံးသပ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဗဟိုဘဏ်ကလည်းပါဝင်တက်ရောက်ခဲ့တယ်။ ဒီနှစ် ဂျီ-၂၀ အစည်းအဝေးမှာ ထူးခြားတာက ၂၀၁၈ ခုနှစ်မှာ ဂျီ-၂၀ နိုင်ငံများရဲ့ကဏ္ဍာ ဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၂ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မယ်လို့ ရည်မှန်းချက်ကို သူတို့ချမှတ်ထားခဲ့ကြတယ်။ အထူးသဖြင့် အလုပ်အကိုင်ရရှိရေးအတွက် ကမ္ဘာရဲ့အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လိုဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမလဲ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဂျီ-၂၀ နိုင်ငံများက အမျိုးသမီးထုများ အလုပ်အကိုင်ရရှိရေးအတွက်ကိုလည်း အမျိုးသမီး သန်း၁၀၀ လောက် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်မယ်လို့လည်း သူတို့ကတိကဝတ်တွေ ပြုခဲ့ကြပါတယ်။ လုပ်တဲ့စီးပွားရေးတွေမှာ အခွန်နဲ့ပတ်သက်ပြီး မျှတတဲ့ အခွန်တွေရရှိဖို့ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေ၊ အခွန်ဆိုင်ရာ သတင်းအချက်အလက်တွေ ဘယ်လိုလုပ်မလဲ ဆွေးနွေးခဲ့ကြပါတယ်။ ဒ့ါအပြင် ကမ္ဘာ့စီးပွားရေးအနေအထားကို အထောက်အကူပြုမယ့် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေ တိုးတက်ဖို့ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ဖို့ကိုလည်း အားလုံးသော နိုင်ငံတွေက တွန်းအားပေးဆောင်ရွက်ကြပါတယ်။

နောက်တစ်ချက်က ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကိုလည်း အားလုံးသော နိုင်ငံများက ဘယ်လိုဝိုင်းဝန်းဆောင်ရွက်ကြမလဲ ဆွေးနွေးကြပါတယ်။ ဒ့ါအပြင် ကမ္ဘာ့ဘဏ်က အကြံပြုတဲ့အတွက် လတ်တလောဖြစ်ပေါ်နေတဲ့ အီဘိုလာရောဂါကိုလည်း ဘယ်လိုဝိုင်းဝန်းတိုက်ဖျက်ကြမလဲဆိုတာကို အစည်းအဝေးမှာ ဆွေးနွေးကြပါတယ်။ ခြုံငုံပြီး သုံးသပ်ရမယ်ဆိုရင် ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်တွေ တက်တဲ့အတွက် ဒီအစည်းအဝေးမှာ ဆွေးနွေးကြတဲ့ အကြောင်းအရာတွေဟာ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်ပြီး အာဆီယံနဲ့လည်း သက်ဆိုင်ပါတယ်။ ဒီအစည်းအဝေးမှာ အာဆီယံဥက္ကဋ္ဌအဖြစ် ဖိတ်ကြားခြင်းခံရပြီး အာဆီယံကိုယ်စား သမ္မတကြီး တက်ရောက်ခွင့်ရပြီး ရှင်းလင်းပြောကြားခွင့်ရတဲ့အပြင် မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း ရှင်းလင်းပြောကြားနိုင်တယ်။ အကျိုးကျေးဇူးရှိတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အင်မတန်ကောင်းတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ သရုပ်သကန်ကို ဖော်ပြနိုင်တဲ့အနေအထားရှိသလို အာဆီယံကို ကိုယ်စားပြုပြီး ဦးဆောင်ဆောင်ရွက်နိုင်တဲ့နိုင်ငံတစ်ခုအနေနဲ့ ကျွန်တော်တို့ နိုင်ငံအတွက်သာမက အာဆီယံအတွက်လည်း များစွာအကျိုးရှိပါတယ်။ ဒ့ါအပြင် ဆွေးနွေးတဲ့အကြောင်းအရာတွေကလည်း တစ်ကမ္ဘာလုံးနဲ့ ပတ်သက်ပြီး စဉ်းစားဆွေးနွေးတာဖြစ်တဲ့အတွက် အာဆီယံကလည်း ဂျီ-၂၀ နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်း၊ အတွေးအမြင်တွေ၊ အကြံပြုချက်တွေရရှိလာတဲ့ ကောင်းမွန်တဲ့အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

တိုက်ဆိုင်မှုကလည်း အာဆီယံ ၁၀ နိုင်ငံက ထိပ်သီးအစည်းအဝေး ဆောင်ရွက်ခွင့်ရဖို့ကလည်း ၁၀ နှစ်မှ တစ်ကြိမ်လောက် ပြန်ကျင်းပခွင့်ရတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း ၂၀၁၁ ခုနှစ်က စပြီး အစိုးရသစ်တက်ခဲ့တဲ့ကာလ ၂၀၁၄ ခုနှစ်မှာ ဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ ပြည်သူပြည်သားတွေ ဂုဏ်ယူဖို့ကောင်းပါတယ်။ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးကိုလည်း ဂျီ-၂၀ ခေါင်းဆောင်များက အသိအမှတ်ပြုချီးကျူးဂုဏ်ပြုကြပါတယ်။ အခု ဂျီ-၂၀ အစည်းအဝေးနဲ့အတူ ဆက်စပ်ပြီးထွက်လာတဲ့ ရလဒ်တွေကလည်း ကျွန်တော်တို့ နိုင်ငံပြည်သူ၊ ပြည်သားတွေကို အကျိုးရှိမယ့်ကိစ္စတွေ၊ အစိုးရအဖွဲ့အနေနဲ့ ဘာတွေဆက်လုပ်သင့်တယ်၊ ဘာတွေစဉ်းစားသင့်တယ်ဆိုတာကိုလည်းရရှိတဲ့အတွက် အင်မတန်ကောင်းတဲ့ အခွင့်အရေးတစ်ခုကို ကျွန်တော်တို့ ဆွတ်ခူးနိုင်တယ်လို့ပဲ ပြောချင်ပါတယ်။

### ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်

စီးပွားရေးဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေရဲ့ အစည်းအဝေးတွေဖြစ်ပါတယ်။ ဒီအစည်းအဝေးတွေမှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌကိုလည်း အစည်းအဝေးကျင်းပတဲ့ အလှည့်ကျနိုင်ငံရဲ့ ဝန်ကြီးချုပ်တွေ၊ နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ နှစ်စဉ် ဖိတ်ကြားလေ့ရှိပါတယ်။ ဒီနှစ်မှာတော့ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက ယူထားတဲ့အတွက် သမ္မတကြီးကိုလည်း အလှည့်ကျဖြစ်တဲ့ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်က ဖိတ်ကြားတာဖြစ်ပါတယ်။ ထူးထူးခြားခြား ဆက်စပ်နေတာကတော့ အာဆီယံထိပ်သီးအစည်းအဝေးတွေ၊ ဆက်စပ်ကျင်းပတဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေး ၊ ဒါနဲ့ တစ်ဆက်တစ်စပ်တည်းမှာပဲ ဂျီ-၂၀ ကို ဆက်စပ်ပြီး ကျင်းပသွားတာဖြစ်ပါတယ်။ ရှေ့မှာလည်း တရုတ်နိုင်ငံ ပေကျင်းမြို့မှာ အေပက်ထိပ်သီးညီလာခံလုပ်တယ်။ အဲဒီမတိုင်ခင်မှာလည်း အေပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံ ၇ ခုနဲ့ တရုတ်က (Dialogue Strengthening Connectivity Partnership) ဆိုတဲ့ ထိပ်သီးညီလာခံတစ်ခုကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီညီလာခံတွေ ကျင်းပတဲ့အချိန်၊ ရွေးချယ်မှုကာလကို ကြည့်မယ်ဆိုရင် အာရှဒေသကို ကမ္ဘာအနှံ့အပြားက ထိပ်သီးခေါင်းဆောင်ကြီးတွေ၊ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ တက်ရောက်နိုင်ဖို့ တစ်ဆက်တစ်စပ်တည်း စီစဉ်ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ အနေအထား တွေ့ရပါတယ်။တစ်ယောက်နဲ့တစ်ယောက် မိမိတို့ရဲ့ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို အခြေခံပြီး ဆောင်ရွက်ကြသော်လည်း ဒီအချိန်၊ ဒီအခါကာလအတွင်းမှာ ထိပ်သီးခေါင်းဆောင်ကြီးတွေ လာရောက်စုစည်းဖို့အတွက် ရွေးချယ်ထားတဲ့ရက်က ရက်သတ္တပတ်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ထူးထူးခြားခြားနဲ့ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားတယ်ဆိုတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံကတာဝန်ယူရတဲ့ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ (၉) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးတွေဟာ အေပက်နဲ့ ဂျီ-၂၀ လို တကယ့်ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ စီးပွားရေးပိုင်းဆိုင်ရာ အစည်းအဝေးကြီးတွေအလယ်မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သမ္မတကြီးအနေနဲ့လည်း အာဆီယံထိပ်သီးအစည်းအဝေးမှာ အလှည့်ကျတာဝန်ထမ်းဆောင်ပြီး ပိတ်ပွဲပြီးနောက်တစ်နေ့မှာ ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ကို ထွက်ခွာလာပြီး ဒီအစည်းအဝေး လာတက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အစိုးရသစ်တာဝန်ယူပြီးတဲ့နောက်မှာ ကမ္ဘာ့ဒေသအသီးသီးက နိုင်ငံကြီးများရော ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီး နိုင်ငံများပါ စဉ်ဆက်မပြတ်ထိတွေ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတွေ တိုးတက်အောင်ဆောင်ရွက်နေတဲ့နည်းတူ နိုင်ငံတကာနဲ့ ထိတွေ့မှု ပိုမိုများပြားတဲ့နှစ်ဖြစ်ပါတယ်။ နှစ်စမှာကတည်းက ဘင်းမ်စတက်ထိပ်သီးညီလာခံ၊ (၂၄) ကြိမ်မြောက် ထိပ်သီးအာဆီယံအစည်းအဝေး စသည်ဖြင့် ဒီလို ထိပ်သီးနိုင်ငံအများအပြားပါတဲ့ အစည်းအဝေးကြီးတွေကို အိမ်ရှင်အဖြစ် ဥက္ကဋ္ဌတာဝန်ယူပြီး ထမ်းဆောင်တယ်။ ဂျီ-၂၀ လိုအစည်းအဝေးမှာလည်း မိမိရဲ့ဒေသကို ကိုယ်စားပြုပြီး တက်ရောက်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးကဏ္ဍကလည်း အဆင့်တစ်ခု ထပ်မံတိုးတက်ရောက်ရှိလာတယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။

### ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

ဂျီ- ၂၀ ဟာ အရေးကြီးတဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ သဘောသဘာဝကို ကြည့်မယ်ဆိုရင် ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ အာရှနိုင်ငံတွေမှာရော၊ ကမ္ဘာ့နိုင်ငံတွေမှာပါ စီးပွားရေးအကျပ်အတည်း၊ ငွေကြေးအကျပ်အတည်းတွေ အများကြီးဖြစ်ပေါ်ခဲ့တယ်။ အဲဒီလိုဖြစ်တဲ့အတွက် ယခင်တုန်းက ဂျီ -၇ ၊ ဂျီ-၈ စတဲ့ ဖွံ့ဖြိုးပြီး ၇ - ၈ နိုင်ငံအနေနဲ့ ဆောင်ရွက်မှု အားနည်းလာတာကြောင့် ပိုမိုဆောင်ရွက်လာနိုင်အောင် ကမ္ဘာ့တိုက်ကြီးတွေမှာရှိတဲ့ ကိုယ်စားပြုနိုင်ငံအားလုံးပါဝင်တဲ့ နိုင်ငံ ၂၀ ကို တည်ထောင်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံအနေနဲ့ ၁၉ နိုင်ငံပါပြီး ဥရောပသမဂ္ဂကတစ်နိုင်ငံအနေနဲ့ ကိုယ်စားပြုပါဝင်တယ်။ ဒါကြောင့် ဂျီ-၂၀ (Group of-20) လို့ခေါ်တာဖြစ်ပါတယ်။

အထူးသဖြင့် ဒီအစည်းအဝေးက လွတ်လွတ်လပ်လပ် စည်းဝေးတဲ့ မျက်နှာစုံညီ စကားဝိုင်းကြီး ဖြစ်ပါတယ်။ ဆွေးနွေးချက်တွေက အစည်းအဝေးပုံစံမဆန်ဘဲ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ အလွတ်သဘော ဆွေးနွေးတဲ့ ပုံစံဖြစ်ပြီး နှစ်စဉ်ကမ္ဘာမှာဖြစ်နေတဲ့ ဖြစ်စဉ်ပေါ်မှာ အဓိက ဘယ်လိုအခြေခံကြမလဲ၊ ဆွေးနွေးကြမလဲ၊ ဆောင်ရွက်ကြမလဲ၊ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့လည်း ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံအားလုံးနဲ့ သူတို့ရှေ့ဆက် ဘာဆောင်ရွက်မလဲ၊ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဘယ်လိုရှေ့ဆက်လက်တွဲဆောင်ရွက်မလဲ၊ လိုအပ်ချက်တွေကို ဂျီ-၂၀ နိုင်ငံတွေက ဘယ်လိုဖြည့်ဆည်းနိုင်မလဲ။ ထိုနည်းတူစွာ ဂျီ-၂၀ နိုင်ငံရဲ့ လိုအပ်ချက်ကို လက်ရှိအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတဲ့ အခြေအနေပေါ်မှာ အခြေခံပြီး ကျွန်တော်တို့ ဆွေးနွေးခန့်မှန်းနိုင်တာ ဖြစ်ပါတယ်။

အာဆီယံ ၁၀ နိုင်ငံရဲ့ အမြင်နဲ့ အဓိက ပါဝင်ဆောင်ရွက်နိုင်တဲ့ အခြေအနေကို ဂျီ-၂၀ အစည်းအဝေးမှာ ပါဝင်ဆွေးနွေးနိုင်တဲ့အတွက် အလွန်အကျိုးကျေးဇူးရှိတဲ့ အစည်းအဝေးလည်းဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံမှာ ကာလရှည်စီမံကိန်းဖြစ်တဲ့ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ်(၂၀) စီမံကိန်းတွေ၊ ပထမငါးနှစ် စီမံကိန်းတွေ၊ ဒုတိယငါးနှစ် စီမံကိန်းဆိုရင် လာမယ့်နှစ်မှာ ရေးဆွဲရမှာဖြစ်ပါတယ်။ ဒီလိုရေးဆွဲရမယ့် အခြေခံနှစ်လည်း ဖြစ်တဲ့အတွက် ဂျီ-၂၀ နိုင်ငံတွေက ဘယ်လိုလမ်းကြောင်းနဲ့ သွားမယ်၊ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း သူတို့နဲ့ အတူတူ ဘယ်လိုဆက်လက်လျှောက်လှမ်းသွားမလဲ။ အနာဂတ်မှာ တိုးတက်ဆောင်ရွက်သွားမယ့် ကျွန်တော်တို့ ပြည်သူဗဟိုပြုလုပ်ငန်းများဖြစ်တဲ့ ပညာရေး၊ကျန်းမာရေး ၊ အခြေခံ အဆောက်အအုံ တိုးချဲ့ရေးအပြင် အခွန်အကောက်စနစ်များ၊ စီးပွားရေးဖွံ့ဖြိုးမှုတွေကို ဘယ်လို တိုးမြှင့်ဆောင်ရွက်သွားမလဲဆိုတာကို **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❖

# တရားရုံးများနှင့် ဥပဒေ

ဦးဟန်ညွန့်(ဥပဒေ)

### တရားရုံးများ

တရားရုံးဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ ပါပြဋ္ဌာန်းချက်အရ ဖွဲ့စည်းသည့်ရုံးဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်သောအခြားတရားရုံးများပါဝင်သည်။ ထို့ပြင် စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့လည်း တရားရုံးအဓိပ္ပာယ်တွင် အကျုံးဝင်သည်။

### ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ

ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်သည်။ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းသည်။ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ထားရှိသည်။

### တရားစီရင်ရေးဆိုင်ရာမူများ

တရားစီရင်ရေးဆိုင်ရာမူများမှာ-

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး
(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး
(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး
(ဃ) ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး
(င) ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး
(စ) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး
(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေးတို့ဖြစ်ကြသည်။

### တရားရုံး၏ဂုဏ်သိက္ခာ

တရားရုံးသည် ဂုဏ်သိက္ခာရှိရမည်။ မှန်ကန်မှုရှိရမည်။ လွတ်လပ်ရမည်။ အများပြည်သူက ယုံကြည်ရမည်။ ဥပဒေနှင့် ညီညွတ်ပြည့်စုံရမည်။ တရားမျှတရမည်။ သို့မှလည်း ပြည်သူအပေါင်းလေးစားအားကိုးကြပေမည်။

### လွတ်လပ်စွာ

တရားစီရင်ရာတွင် လွတ်လပ်စွာ တရားစီရင်ရကြောင်း အထူးတင်ပြရန်မလိုအပ်လှပေ။ သို့ရာတွင် အဆိုပါ "လွတ်လပ်စွာ" ဟူသော စကားလုံးရှေ့တွင် "ဥပဒေနှင့်အညီ"ဟူသော စကားလုံးပါရှိသည်ကို သတိချပ်အပ်ပေသည်။ ဆိုလိုသည်မှာ "ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး"ဖြစ်ပေသည်။ ထို့အတူ "ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး"ဟူသော စကားလုံးရှေ့တွင် "ဥပဒေအရ ကန့်သတ်ချက်များအပ" ဟူသောစကားလုံးဖြင့် ရှေ့တန်းတင်ထားသည်ကိုလည်း လေ့လာအပ်ပေသည်။ "ဥပဒေအရ ကန့်သတ်ချက်များအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး"ဖြစ်ပေသည်။

### ဥပဒေအရခုခံချေပခွင့်

ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိသည့် တရားစီရင်ရေးစနစ်ကို ပြည်သူတို့အလိုရှိကြသည်။ စွပ်စွဲပြစ်တင်မှု၊ တရားစွဲဆိုမှုများကို ဥပဒေအရ ဆောင်ရွက်နိုင်သကဲ့သို့ ခုခံချေပမှုကိုလည်း ဥပဒေအရ ထုချေရှင်းလင်းမှုကိုပြုနိုင်ကြသည်။ အပြစ်ပေးစီရင်ချက်၊ ဆုံးဖြတ်ချက်အပေါ် ဥပဒေအရ အယူခံပိုင်ခွင့်လည်း ရှိပေသည်။ အရာရာတွင် သာတူညီမျှရှိသည်။ ဥပဒေရှေ့မှောက်တွင် ဆင်းရဲချမ်းသာမခွဲခြား။ အမှန်တရားသာ အဓိက၊ တရားမျှတမှုသည်သာ စေတနာ၊ ပြည်သာယာ၊ ညီညာစေသည်။ တရားစီရင်ရေး၏အနှစ်သာရသည် တရားမျှတခြင်းသာဖြစ်ကြောင်း ထုံးပေါင်းဖြစ်သည်။

### မှန်ကန်မျှတသော တရားစီရင်ရေး

တရားစီရင်ရာတွင် မှန်ကန်မျှတဖို့ လိုပေသည်။ ထိုသို့ မှန်ကန်မျှတသော တရားစီရင်ရေးစနစ်ထွန်းကားလျှင် ပြည်သူတို့ ကိုယ်စိတ်လုံခြုံ၍ ချမ်းမြေ့ကြပါသည်။ အချင်းချင်းစည်းလုံးညီညွတ်ကြပါသည်။ တရားရုံးများကို ယုံကြည်အားကိုးကြခြင်းဖြင့် အစိုးရကိုပါ ယုံကြည်အားကိုး၍ မေတ္တာထားကြပါသည်။

မှန်ကန်မျှတခြင်းသည် တရားစီရင်ရာတွင်သာ လိုအပ်သည်ကား မဟုတ်ပါ။ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် မှန်ကန်မျှတ၊ ကိုယ်ချင်းစာနာ၊ သမစိတ္တ ရှိကြရန်လိုပါသည်။ တရားရုံးများတွင်ကား ပို၍ပင်လိုသေးကြောင်း၊ ထိုတရားများထွန်းကားကြောင်းကို ပြည်သူတို့ မျက်ဝါးထင်ထင်တွေ့မြင်ကြရန်လိုကြောင်းကို အလေးအနက်ထား၍ ဖော်ပြခြင်းသာဖြစ်ပါသည်။ တစ်နည်းဆိုရသော် တရားရုံးများသည် နိုင်ငံတွင် မှန်ကန်မျှတမှုထွန်းကားခြင်းရှိ၊ မရှိပြသောကြေးမုံပြင်ဖြစ်ပါသည်။

**[ဒေါက်တာမောင်မောင်-ရေးသားပြုစုသော နိုင်ငံတော်လုပ်ကြံမှု(ပြည်ထောင်စုနှင့်ဦးစော)စာအုပ်၊ ဆဋ္ဌမအကြိမ်၊ စာမျက်နှာ-၁၂၂]**

### အဂတိလေးပါး

ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟ အဂတိတရားလေးပါး ကင်းစင်စွာ တရားစီရင်ဖို့ တရားသူကြီးများအား မကြာခဏ မှာကြားလေ့ရှိပါသည်။ မှန်ကန်မျှတမှုကို ပြည်သူအပေါင်းအားထားကြကြောင်းလည်း အထူးရေးဖွယ်မရှိပြီ။ သို့သော်ငြား အဂတိလိုက်စားသော မြို့နယ်တရားသူကြီးတစ်ဦးအား ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သတင်းဆိုးကိုဖတ်ရသည်။ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။ တရားရေးလောကအတွက် အမည်းစက်တစ်စက်ဖြစ်သည်။

### မတရားသူကြီးမဖြစ်စေရန်

"တရားသူကြီးများကလည်း ရုံးသို့တင်ပို့သော ရာဇဝတ်မှုခင်းများကို အမှန်ဖြစ်စေရန်နှင့် ရပ်ရွာနိုင်ငံ စည်းလုံးလုံခြုံသာယာစေရန် ရည်ရွယ်ချက်၊ စေတနာ၊ သဒ္ဓါဖြင့် စစ်ဆေးစီရင်ကြရသည်။ အမှန်တကယ်ကျူးလွန်သူကို ထိုသို့ကျူးလွန်ကြောင်း ဆုံးဖြတ်၍ သင့်တော်သော ပြုပြင်ပညာပေး ဆုံးမခြင်း၊ ပြစ်ဒဏ်ပေးခြင်းပြုရသည်။ တံစိုးလက်ဆောင်ယူ၍ သို့မဟုတ် မျက်နှာလိုက်၍ ပြစ်မှုကျူးလွန်သူဟူ၍တွေ့ပါလျက် လွှတ်လျှင် တရားစီရင်ရေးမှားယွင်းတိမ်းစောင်းသဖြင့် တရားရုံးကိုရပ်ရွာက မရိုသေ၊ မယုံကြည်ဖြစ်မည်။ တစ်ဖက်တွင်မူ လီဆယ်၍ မဟုတ်မတရားတိုင်တန်းခြင်း ခံရသူ၊ မှားယွင်း၍စွပ်စွဲခြင်းခံရသူ တစ်ဦးကို ရုံးသို့တင်ပို့လျှင် သက်သေအထောက်အထားတို့ကိုစစ်ဆေး၍ အမှုမှန်မဟုတ်ကြောင်းပေါ်သည်နှင့် ထိုသူအား ကင်းကင်းလွတ်လွတ်လွှတ်ရန်ဖြစ်သည်။ ထိုသို့ မလွှတ်ဘဲ တရားသူကြီးသည် တံစိုးလက်ဆောင်ယူ၍ သို့မဟုတ် မျက်နှာလိုက်၍ သို့မဟုတ် ကိုယ့်ဘေးကိုသာ တွေးတောစိုးရိမ်၍ အပြစ်မဲ့သူကို ပြစ်ဒဏ်ပေးအံ့။ တရားရုံးကို ရပ်ရွာက မရိုမသေမယုံကြည်ဖြစ်မည်။

ထို့ကြောင့် တရားသူကြီးသည် မတရားသူကြီး မဖြစ်စေရန်၊ တရားရုံးသည် မတရားရုံးမဖြစ်စေရန် အထူးသတိဝီရိယကြီးစွာဖြင့် စောင့်ထိန်းရပေသည်"ဟု တရားရေးဝန်ကြီး ဒေါက်တာမောင်မောင် (အငြိမ်းစားနိုင်ငံတော်သမ္မတ)၏ လမ်းညွှန်အမှာစကားကို ယနေ့တိုင်ကြားယောင်ဆဲဖြစ်ပါသည်။

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံဆောင်ရွက်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်အား ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးညွှန်ကြားလွှာများ တိတိကျကျလိုက်နာစောင့်ထိန်းရေး၊ အဂတိကင်းရှင်းရေး၊ အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းများသို့ ဥပဒေအခွင့်အရေးနှင့်အညီ ကြီးကြပ်စစ်ဆေးရေး၊ အဆင့်ဆင့်သော တရားသူကြီးများ၏ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး စသည့်လုပ်ငန်းများအား စဉ်ဆက်မပြတ်ကြပ်မတ်စီမံဆောင်ရွက်လျက်ရှိပေသည်။

### သတင်းမီဒီယာဥပဒေနှင့်အညီ

သတင်းမီဒီယာဥပဒေပုဒ်မ ၁၇(ဆ)တွင် "ပြည်သူများ သတင်းမှန်သိခွင့်ရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ခံတစ်ဦး သတ်မှတ်ထားရှိရေးအတွက် ကောင်စီက ညှိနှိုင်းဆောင်ရွက်ခြင်း" တာဝန်တစ်ရပ်ရှိပေသည်။ အဆိုပါတာဝန်သတ်မှတ်ချက်နှင့် ညီညွတ်စွာ၊ တရားရုံးအဆင့်ဆင့်တွင် သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းမည်။ ပြန်ကြားရေးအရာရှိများကို တာဝန်ပေးမည်။ ထုတ်ဖော်ပြောကြားသင့်သော အကြောင်းအရာများအားလုံး ပြည်သူတွေသိရှိအောင် စီမံဆောင်ရွက်နေပြီဟု ကြားသိရသည်။ ကြိုဆိုအပ်သော မင်္ဂလာသတင်းဖြစ်ပါသည်။ သို့မှလည်း တရားရုံးအကြောင်း၊ တရားစီရင်ရေးအကြောင်း၊ တရားသူကြီးအကြောင်း၊ ပြည်သူအများသိသင့်သည်များ သိခွင့်၊ ကြားခွင့်ရကြပေမည်။

### ယုံကြည်ကိုးစားမှု မထိခိုက်စေရေး

တရားရုံး၏ မှန်ကန်လွတ်လပ်စွာတရားစီရင်ရေး၊ တရားရုံး၏ ဂုဏ်သိက္ခာနှင့် အများပြည်သူယုံကြည်ကိုးစားမှုကို မထိခိုက်စေရေးတို့အတွက် "တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ"ကို ပြဋ္ဌာန်းထားရှိပေသည်။

### တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ

တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၉-၇-၂၀၁၃ နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ အခန်းပေါင်း (၆)ခန်းပါရှိသည်။ တရားရုံးများကို မထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကိုဆိုသည်။

တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားရုံးတစ်ရုံးကချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သောစာကို တမင်သက်သက် မလိုက်နာခြင်းကိုဆိုသည်။

ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုဆိုသည်မှာ အောက်ပါအပြုအမူတစ်ခုခုအတွက် အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ၊ တမင်ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်)ဖြန့်ချိခြင်းကို ဆိုသည်။

(၁) တရားရုံး၏ ဥပဒေအရအပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေခြင်း (သို့မဟုတ်)သေးသိမ်ရန် ဖြစ်တန်စေခြင်း
(၂) တရားစီရင်သော မှုခင်းကိစ္စတွင် ဖြောင့်မှန်စွာဆောင်ရွက်မှုကို ထိခိုက်စေခြင်း၊ စွက်ဖက်ခြင်း(သို့မဟုတ်) နှောင့်ယှက်ခြင်း
(၃) မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေးအပေါ် အများပြည်သူက ယုံကြည်ကိုးစားမှု လျော့နည်းစေရန် တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း
(၄) တရားရုံးက ဆုံးဖြတ်ရန်ရှိသော အချက်များကို တစ်စုံတစ်ရာအဆုံးအဖြတ်မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း။

### ဥပဒေနှင့်အညီတရားရုံးများ

- ဥပဒေနှင့်အညီတရားရုံးများကို တည်ထောင်သည်။
- ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်သည်။
- ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိသည်။
- ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။
- ဥပဒေ၏အထက်တွင် မည်သူမျှ မရှိစေရ။

### တရားသူကြီး၏ ဂုဏ်အင်္ဂါ(၁၂)ပါး

ရှေးရိုးစဉ်လာ ကျမ်းစာမှတ်တမ်းများအရ အောက်ပါကဗျာဖြင့်တရားရုံးများမှ တရားသူကြီးအပေါင်းအား ဂုဏ်ရည်မြင့်မားပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်-

- **ကျမ်းတတ်သိသူ**
- **လူနပ်လိုပါး**
- **စကားပြေညက်**
- **မထွက်ဒေါသ**
- **မျှတစိတ်ဝင်**
- **မြင်ရှုံနှင့်သိ**
- **နွမ်းရိလျှင်ကူ**
- **လူလိမ်ဖယ်ရှား**
- **တရားပြည့်ဝ**
- **လောဘကိုခွာ**
- **ပမာတံခါး**
- **လာသွားမျှော်တင်း**
- **မင်းမျက်ရှောင်ရှား**
- **ဆယ့်နှစ်ပါးကား**

**တရားသူကြီး ဂုဏ်ရည်တည်း။**






# ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် ဆက်လက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ **ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ်** လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် **ဧမ္မာ့သီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း**က ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်ကြိမ်တစ်ခါတည်းနှင့် ပြင်ဆင်၍မရပါကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ခြင်း၏ အကျိုးဆက်သည်လည်း ပဋိပက္ခများဖြစ်လာရန်မဟုတ်ပါကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် သဟဇာတဖြစ်ရေးသို့ ဦးတည်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် လက်မှတ်ရေးထိုးဆန္ဒပြုထားသော ပြည်သူငါးသန်း၏ ဆန္ဒကို အလေးထားပြီး အမျိုးသားရင်ကြားစေ့ရေးကို အစဉ်တစိုက်ဦးတည်ရန်၊ အတိတ်ကိုပြန်လှန်မနေဘဲ အနာဂတ်ရေးကို ရှေးရှုဆွေးနွေးရန်၊ အမှွမ်းတင်ဆွေးနွေးခြင်းမပြုရန်နှင့် ဥပဒေဘောင်အတွင်းက အနာဂတ်ကို ပိုကောင်းအောင်ပူးပေါင်းဆောင်ရွက်စေချင်သည့်အတွက် ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း**က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာအပေါ် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ဦးတည်၍ ဆွေးနွေးသွားရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးတွင် နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဦးတည်ရှေးရှုလျက် အထူးဂရုပြုဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင်**က ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် မည်မျှပင်ပြည့်စုံကောင်းမွန်အောင် ရေးဆွဲစေကာမူ ပြီးပြည့်စုံသည်၊ ပြင်ဆင်ရန်မလိုအပ်ဟုမရှိပါကြောင်း၊ ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှ လူတို့၏လိုအပ်ချက်များသည်လည်း ပြောင်းလဲလာနိုင်သကဲ့သို့ ကြောင်းကျိုးဆက်စပ်မှု အားနည်းချက်များပေါ်ပေါက်လာပါက အများပြည်သူအကျိုးစီးပွားအလို့ငှာ ပြင်ဆင်ထိုက်သည်ဟု ယူဆပါကြောင်း၊ ထိုသို့ ပြင်ဆင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အားကောင်းလာစေရန်၊ ရေရှည်တည်တံ့ ခိုင်မြဲစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ဖြစ်ပါကြောင်း၊ အခြေခံဥပဒေတွင်ပါရှိသော လုပ်ထုံးလုပ်နည်းဆိုင်ရာဥပဒေပုဒ်မတစ်ခုခုက အုပ်ချုပ်သောအစိုးရ၊ ဥပဒေပြုလွှတ်တော်များ၊ တရားစီရင်သောတရားရုံးများတွင် အလုပ်လုပ်၍မရအောင် အခက်အခဲဖြစ်နေပါက အများပြည်သူနှင့် နိုင်ငံ့အကျိုးအတွက် ထိပါးငြိစွန်းနေလျှင် ထိုလုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း နည်းလမ်းတကျ ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း**က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် ဒီမိုကရေစီစနစ်ကို ပိုမိုပီပြင်လာနိုင်သည့်အပြင် ဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တစ်ဖက်နှင့်တစ်ဖက် လျှော့သင့်သည်များကို လျှော့ချပြီး လိုက်လျောကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများရရှိလာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်း**က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဦးတည်ဆောင်ရွက်သည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၏ အရေးပါမှုအခန်းကဏ္ဍကို အခြေအနေ အချိန်အခါနှင့်အညီ တိုးမြှင့်ပေးသင့်သည်ဟု အကြံပြုလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

# လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေဥပဒေပြဋ္ဌာန်းချက်ပါစည်းကမ်းများ လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဟသ်ာတမဲဆန္ဒနယ်မှ ဦးငြေးဦး၏ **"အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းဆုံးရှုံးသွားသော ဆန်စပါးစိုက်ပျိုးမြေများအတွက် အစားထိုးဖော်ထုတ်ရေးနှင့်ဆန်စပါးဖူလုံပိုလျှံရေးအတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဆုံးရှုံးလျော့နည်းသွားသည့် လယ်မြေအတွက် စိုက်ဧကမလျော့စေရန် ရေသေချာသည့် ဆည်ရေသောက်ဒေသများ၌ စပါးတစ်သီးမှ စပါးနှစ်သီးကို သီးထပ်အဖြစ် ဧကတိုးအောင် စိုက်ပျိုးခြင်း၊ ဒေသအလိုက်စိုက်ဧကများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေရိုင်းဧရိယာ၊ စားကျက်မြေဧရိယာများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား မြေလွတ်မြေရိုင်းများကို တိုးချဲ့ဖော်ထုတ်စိုက်ပျိုးနိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ စိစစ်ခွင့်ပြုမှုဖြင့်ဆောင်ရွက်နိုင်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေဥပဒေပြဋ္ဌာန်းချက်ပါ စည်းကမ်းများကိုလိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်း လက်ရှိစပါးစိုက်ပျိုးထုတ်လုပ်မှုအရ လူဦးရေ (၅၁ ဒသမ ၄၂)သန်းအတွက် ဆန်ဖူလုံမှုအခြေအနေသည် ၁၆၈ ရာခိုင်နှုန်းရှိပြီး နောင်တိုးတက်လာမည့် လူဦးရေ သန်း ၁၀၀ အတွက်ရည်မှန်းကာ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ နှစ်(၃၀)စီမံကိန်းကို မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်ပျိုးမြေဧရိယာ တိုးချဲ့



ကန်ပက်လက်မဲဆန္ဒနယ်မှ
သူရဦးအောင်ကို



ဟသ်ာတမဲဆန္ဒနယ်မှ
ဦးငြေးဦး

စိုက်ပျိုးခြင်းနှင့် တစ်ဧကထွက်နှုန်းတိုးတက်ရေးနည်းလမ်းတို့ဖြင့် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးခြင်း၊ ရေစနစ်တကျသုံးစွဲမှုဆောင်ရွက်ခြင်း၊ စက်မှုလယ်ယာစနစ် ကူးပြောင်းဆောင်ရွက်ခြင်း၊ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲအသုံးပြုခြင်း၊ သွင်းအားစုမြေဆီဩဇာများကို အချိုးကျအချိန်ကိုက် ထိထိရောက်ရောက်ထည့်သွင်းအသုံးပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **"စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုကြောင့် မြန်မာ့ပင်လယ်ပြင်တွင် ရေသယံဇာတကုန်ခန်းလာသဖြင့် အချိန်မီတားဆီးကာကွယ်နိုင်ရန်အတွက် ပင်လယ်ပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ငါးလုပ်ငန်းဦးစီးဌာနမှ သယံဇာတထိန်းသိမ်းရေးအတွက် နိုင်ငံခြားကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပေးထားသည့် Fishing Right အားရပ်ဆိုင်းခြင်း၊ ငါးဖမ်းရေယာဉ်စင်းရေထိန်းချုပ်ခြင်း၊ ငါးဖမ်းဆီးရက် သတ်မှတ်ခြင်း၊ ငါးမဖမ်းရဧရိယာသတ်မှတ်ခြင်း၊ ငါးမဖမ်းရရာသီ၊ ပိုက်ကွက်၊ ငါးအမျိုးအစားနှင့် လိုင်စင်ကန့်သတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းကွက်များသတ်မှတ်ခြင်း၊ တရားမဝင်ငါးဖမ်းဆီးခြင်းများကို တားမြစ်နိုင်ရန် ငါးဖမ်းရေယာဉ်များအား စောင့်ကြည့်ကြီးကြပ်ထောက်လှမ်းခြင်း၊ ဂြိုဟ်တုစနစ်သုံးငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ကိရိယာများကို နိုင်ငံခြားငါးဖမ်းရေယာဉ်များနှင့် စည်းကမ်းဖောက်ဖျက်သည့် ပြည်တွင်းကမ်းဝေးရေယာဉ်များတွင် တပ်ဆင်စေခြင်း၊ ပြည်တွင်းကမ်းဝေးရေယာဉ်အားလုံးတွင် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ငါးသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရှာဖွေတိုင်းတာမှုလုပ်ငန်းများ၊ ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ဖမ်းဆီးမွေးမြူမှုနှင့် ပြုပြင်ထုတ်လုပ်မှု သုတေသနလုပ်ငန်းများ၊ ငါးလုပ်ငန်းစစ်ဆေးကြီးကြပ်သည့် ဝန်ထမ်းအင်အားများ၊ သုတေသနငါးဖမ်းရေယာဉ်နှင့် ကင်းလှည့်စစ်ဆေးသည့်ယာဉ်များ၊ ငါးလုပ်ငန်းဆိုင်ရာ ပညာရှင်များ၊ လုံခြုံရေးဝန်ထမ်းနှင့် ဆက်သွယ်ရေးကိရိယာများကို တိုးချဲ့ရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးသယံဇာတပြုန်းတီးမှုနှင့် တရားမဝင်ငါးဖမ်းဆီးမှု ကာကွယ်တားဆီးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ ခွင့်ပြုဘဏ္ဍာငွေနှင့် အခြားလုပ်ငန်းအထောက်အကူပြုပစ္စည်းများ၊ နည်းပညာပံ့ပိုးမှုများရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ မေးခွန်း(၂)ခု မေးမြန်းဖြေကြားပြီး ဥပဒေကြမ်း(၅)ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# စက်သုံးဆီများ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှုန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါ်နော်မေးရီယန်၏ **"လွိုင်ကော်မြို့ စက်မှုရပ်ကွက်အား စက်မှုဇုန်တစ်ခုအဖြစ် အဆင့်တိုးမြှင့်ထူထောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက စက်မှုရပ်ကွက် အပိုင်း(၁)သည် လွိုင်ကော်မြို့၏ မြောက်ဘက် (၃)မိုင်ခန့်အကွာ နွားလပိုးကျေးရွာအနီးတွင်တည်ရှိပြီး မြေကွက်ပေါင်း (၅၇၉) ကွက်ရှိ၍ မြေအကျယ်အဝန်း (၂၆၉ ဒသမ ၄၆) ဧကရှိပါကြောင်း၊ အဆိုပါစက်မှုရပ်ကွက်တွင် စုစုပေါင်း



တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူးဇဝန

လုပ်ငန်းအရေးအတွက် (၇၅)ခုအား မြေလွတ်ပေါင်း (၄၉၈)ကွက်၊ မြေအကျယ်အဝန်း (၁၁၄ ဒသမ ၅၄) ဧကတွင် နေရာချထားပေးပြီးဖြစ်ပါကြောင်း၊ မြေကွက်ပေါင်း (၂၉) ကွက်၊ မြေအကျယ်အဝန်း (၆ ဒသမ ၆၇) ဧကတွင် နေရာချထားပေးရန် မြေကွက်လွတ်များ ကျန်ရှိပါကြောင်း။

စက်မှုရပ်ကွက်အပိုင်း(၂)တွင် ဖော်ထုတ်ပြီး ဧက (၁၄)ဧကရှိပြီး စက်မှုရပ်ကွက်အပိုင်း(၁)နှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ လုပ်ငန်းအမျိုးအစားအရေအတွက်ပေါ်မူတည်ပြီး လုပ်ငန်းရှင်များမှ တင်ပြလာပါက စက်မှုဇုန်အဖြစ် တိုးချဲ့ဆောင်ရွက်သွားရန် လျာထားမှုရှိပါကြောင်း။

ချေးငွေကိစ္စနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ငွေကျပ် (၁)ဘီလီယံစီကို ထုတ်ချေးရန် ညွှန်ကြားမှုအရ ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရှိ အသေးစားနှင့် အလတ်



ကယားပြည်နယ်မဲဆန္ဒနယ်
အမှတ် (၄)မှ ဒေါ်နော်မေးရီယန်

စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ထားသော လုပ်ငန်းရှင်များသို့ ချေးငွေများ လျှောက်ထားနိုင်ကြောင်း၊ ချေးငွေလျှောက်ထားရာတွင် တင်ပြရမည့် အထောက်အထားများ ပြည့်စုံမှန်ကန်စေရေးအတွက် အသိပေးအကြောင်းကြားဆောင်ရွက်ခဲ့ပါကြောင်း၊ မြို့နယ်အလိုက် ချေးငွေလျှောက်ထားသူ (၃၈)ဦးရှိပြီး ပြည်နယ်အစိုးရ၏ လမ်းညွှန်ကြီးကြပ်စိစစ်မှုဖြင့် အချက်အလက်ပြည့်စုံသူ (၁၈)ဦးကို အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နည်းပညာနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနအောက်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များကို နည်းပညာရရှိနိုင်ရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိပါကြောင်း၊ ပဲ၊ ပြောင်း၊ ဆန်စပါး၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများကို ဂျာမနီနိုင်ငံ FRITZ နှင့်လည်းကောင်း၊ For ging and Foundry Technology Transfer Training ကို PUM Netherland Expert Group နှင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီး ကိုရီးယား၊ ဂျပန်နိုင်ငံရှိ SME လုပ်ငန်းရှင်များနှင့် မိမိတို့နိုင်ငံရှိ SME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့် Technology Transfer ပြုလုပ်ပေးလျက်ရှိပါကြောင်းနှင့် ဌာနသို့လာရောက်စုံစမ်းသော စီးပွားရေးလုပ်ငန်းရှင်များကို လိုအပ်သော

စာမျက်နှာ ၈ ကော်လံ ၃ သို့ ◆

❍ ရှေ့ဖုံးမှ

FM ရေဒီယိုနားထောင်သူဦးရေက လည်း အများကြီးတိုးလာနေပါပြီ။ နှစ်ပေါင်းများစွာ စာပေစိစစ်ရေးက ထိန်းချုပ်ထားခဲ့ပြီး မီဒီယာပိုင်းမှာ ထိန်းချုပ်မှုတွေ ဖြေလျှော့ပေးလိုက်တဲ့အခါ မြန်မာသတင်းသမားတွေ အနေနဲ့ သတင်းတွေရေးသားရာမှာ ကိုယ်တိုင်ဆုံးဖြတ်ချက်တွေကို ပိုမိုပြုလုပ်လာရပြီး အဲဒီလို လွတ်လပ်လာတာနဲ့ အမျှ သတင်းသမားတွေမှာ အကြောင်းအရာတွေကို မှန်မှန်ကန်ကန် ဘက်လိုက်မှုကင်းကင်းတင်ပြဖို့ တာဝန်ရှိလာပါတယ်"ဟုMr. Peter Horrocks က အဆိုပါအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အစိုးရပိုင်းက တာဝန်ရှိသူတွေက MRTV ကို လွတ်လပ်တဲ့ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ ရုပ်သံလွှင့် မီဒီယာတစ်ခုအဖြစ် ပြောင်းလဲဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပြီး အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းတွေကို လိုက်နာဖော်ဆောင်ရာမှာ ဘီဘီစီအနေနဲ့ အားပေးကူညီ ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထို့အပြင် ပြည်သူ့ဝန်ဆောင်မှုကို ပေးနေသည့် မီဒီယာများ၏ မှားယွင်းထုတ်လွှင့်မှုများအပေါ်တွင် တာဝန်ခံရန် လိုအပ်ပုံနှင့် စပ်လျဉ်း၍လည်း "ဘီဘီစီ ကိုယ်တိုင်ကတော့ အမှားအယွင်း ဘာမှမရှိဘူးလို့လည်း မဆိုလိုပါဘူး။ ကျွန်တော်တို့လည်း အမှားတွေ လုပ်မိတဲ့အခါ ရှိပါတယ်။ သောတရှင်တွေအနေနဲ့လည်း ဒါကို နားလည်ပါတယ်။ ဒါပေမယ့် သောတရှင်တွေက ဒီအမှားလုပ်မိတဲ့ လူအနေနဲ့ ပွင့်ပွင့်လင်းလင်းနဲ့ တာဝန်ခံဖို့ကိုတော့ မျှော်လင့်ပါတယ်။ မှားသွားရင် ဝန်ခံမယ်၊ အမှားကို ပြင်မယ်၊ လိုအပ်ရင် တောင်းပန်ရမယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ ရှေ့ဦးစွာ BBC World Service တွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ နိုင်ငံရေးပါတီများနှင့် ဆက်စပ်မှု၊ အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံရေးသမားများ၏ ဖိအားနှင့် ဩဇာ သက်ရောက်မှုများနှင့် စပ်လျဉ်း၍ မေးမြန်းရာ "လူတိုင်းမှာသဘောထားအမြင်တွေရှိပေမယ့် သဘောထားအမြင်တွေကို အလုပ်ဌာနကိုယူမလာဖို့ လိုအပ်ပါတယ်။ BBC အနေနဲ့ ကိုယ်ပိုင်သဘောထားအမြင်ကို တင်ပြဖို့ ခွင့်မပြုပါဘူး၊ Social Media တွေမှာလည်း သူတို့ရဲ့သဘောထားအမြင်တွေကို တင်ပြခွင့်မရှိပါဘူး။ အီရတ်စစ်ပွဲနဲ့ ပတ်သက်ပြီးတော့ BBC ရဲ့ သတင်းတင်ပြချက်မှာ အမှားအယွင်းတွေရှိခဲ့တဲ့အတွက် ဒီအပေါ်မှာ အစိုးရက တော်တော်လေးကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပါတယ်။

နောက်ဆုံးမှာ BBC ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူးက ရာထူးမှနုတ်ထွက်ပေးရတဲ့ အဆင့်အထိ ရောက်ပါတယ်။ ဒီအခါမှာ လူထုက ဘယ်လိုတုံ့ပြန်သလဲဆိုရင် အစိုးရအနေနဲ့ BBC မှာ ဝင်ရောက်ပြီးတော့ စွက်ဖက်တာ မသင့်ဘူးလို့ တောင်းဆိုခဲ့ပါတယ်။ အဲဒီလို တောင်းဆိုခြင်းအားဖြင့် နောက်ပိုင်းမှာ ဒီအစိုးရရဲ့ စွက်ဖက်မှုကလည်း လျော့ပါးသွားပါတယ်။ မှားလို့ရှိရင် ဝန်ခံပါ၊ မှားတဲ့အကြောင်းကို ရဲရဲပဲဝင်ခံဖို့ လိုပါတယ်" ဟု ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်အဖွဲ့အစည်းတစ်ခုကို တည်ထောင်ရာမှာ ဥပဒေတစ်ရပ်ရေးဆွဲဆောင်ရွက်ဖို့ လိုမလိုနှင့် BBC ကို အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရာမှာ ကျင့်သုံးလျက်ရှိတဲ့ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်းပြီး မေးမြန်းရာမှာ "BC သည် Royal Charter အရ ပေါက်ဖွားလာခြင်းဖြစ်ပြီး BBC အဖွဲ့အစည်းမှာ အငြင်းပွားဖွယ်ပြဿနာတွေလည်း ရှိပါတယ်။ BBC က မှန်မှန်ကန်ကန် စည်းကမ်းနဲ့အညီ လွတ်လွတ်လပ်လပ်နဲ့ သတင်းကို ထုတ်ပြန်လား၊ မပြန်ဘူးလားဆိုတာကို စောင့်ကြည့်တဲ့အဖွဲ့ ရှိပါတယ်။ ဥပဒေတစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်ဖို့အတွက်ဆိုရင် လွတ်လပ်တဲ့အဖွဲ့အစည်းက နေပြီးတော့ ဒီဥပဒေကို ဦးစီးဖော်ဆောင်ဖို့လိုအပ်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တွေကနေ တစ်ဆင့် ဥပဒေလိုအပ်တယ်ဆိုရင် ဒါကိုပါလီမန်မှာ ဆွေးနွေးမယ်။ ပါလီမန်ဆွေးနွေးပြီးတော့ ဒီဥပဒေကို ရေးဆွဲအတည်ပြုဆောင်ရွက်ရပါတယ်။ အဓိက သူတို့ဦးစားပေးရမှာက သူတို့ရေးဆွဲတဲ့ဥပဒေက ပြည်သူတွေရဲ့ အကျိုးအတွက် ထိန်းသိမ်းစောင့်ရှောက်တဲ့ ဥပဒေဖြစ်ရမှာပါ။ အများပြည်သူဝန်ဆောင်မှု မီဒီယာတစ်ခုအနေနဲ့ စိန်ခေါ်မှုတွေအများကြီးရှိပါတယ်။ အပြိုင်အဆိုင် မီဒီယာတွေပေါ်လာတာ၊ Social Media ပေါ်လာတာ၊ ပရိသတ်ကိုယ်တိုင်က ကိုယ့်ရုပ်မြင်သံကြားကို ကြည့်တဲ့ပရိသတ်က အခြားကိုရောက်သွားတာ စတဲ့အမျိုးမျိုးစိန်ခေါ်မှုတွေ ရှိပါတယ်။ မီဒီယာတွေထဲမှာ လူကြိုက်များတဲ့သတင်းတွေကို တင်တဲ့၊ ထုတ်တဲ့၊ လွှင့်တဲ့ မီဒီယာတွေလည်းရှိတယ်။ ဒါလည်း စိန်ခေါ်မှုတစ်ရပ်ပဲ။ ဒီလိုတင်တဲ့၊ သတင်းထုတ်တဲ့ မီဒီယာတွေက တကယ်တော့ သူတို့ကိုယ်သူတို့ တာဝန်မယူ၊ တာဝန်မခံဘဲ လက်လွတ်စပယ်ပဲ တင်ပြတာဖြစ်ပါတယ်။ သတင်းသမားတစ်ယောက်ရဲ့ တာဝန်က သတင်းက မှန်ကန်ရမယ်၊ မျှတရမယ်၊ တိကျရမယ် စတာတွေကို သတိထားဖို့တော့ လိုပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များ၏ မီဒီယာတွေအပေါ်မှာ တလွဲအသုံးချမှု၊ အမြတ်ထုတ်အသုံးချမှုနှင့် ဖိအားများနှင့် စပ်လျဉ်း၍ ၎င်း၏ အမြင်ကို မေးမြန်းရာ "မီဒီယာလုပ်ငန်းရှင်ကြီးတွေရဲ့ ခြိမ်းခြောက်မှုတွေတုံ့ပြန်နိုင်ဖို့ အများပြည်သူဝန်ဆောင်မှုရုပ်သံလွှင့်ဌာန တွေရှိခြင်းဟာလည်း တွန်းအားတစ်ခုဖြစ်ပါတယ်။ ဥပဒေတွေနဲ့လည်း အကာအကွယ်ယူနိုင်ပါတယ်။ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေမှာ မျှတတဲ့ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေရှိဖို့လိုပါတယ်။ Public Service Media အနေနဲ့ စံနှုန်းတွေနဲ့ အညီ ဆောင်ရွက်ပြီး ထိန်းညှိရင်ဆိုင်နိုင်ပါတယ်။ သူတို့နဲ့အမီလိုက်ပြီး သူတို့ထက်သာအောင် လုပ်နိုင်လို့ရှိရင် သူတို့ရဲ့ ဖိအားတွေ၊ လွှမ်းမိုးမှုတွေကို ကျော်လွှားနိုင်ပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

သတင်းသမားများ၏ အယောင်ဆောင်သတင်းရယူမှုနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း Sydney's 2 Days FM မှ အစီအစဉ်တင်ဆက်သူများက တော်ဝင်မင်းသား၊ မင်းသမီးများ အယောင်ဆောင်ပြီး ဖုန်းဆက်သတင်းရယူကြီစယ်ထုတ်လွှင့်ရာက ဖုန်းလက်ခံဖြေကြားသူ တော်ဝင်ဆေးရုံမှ သူနာပြု ကလေးနှစ်ယောက်မိခင် Ms. Jacintha Saldamha အရှက်ရပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့တဲ့ ဖြစ်စဉ်အပေါ်မှာ အလားတူဖြစ်စဉ်မျိုးတွေမဖြစ်ရအောင် BBC ၏ Editorial Guide Line အရ ကာကွယ်ထားမှုအခြေအနေကို သိလိုကြောင်း မေးမြန်းမှုနှင့် စပ်လျဉ်း၍လည်း "BBC မှာ အယ်ဒီတာတွေနဲ့ သတင်းသမားတွေ လိုက်နာရမယ့် လမ်းညွှန်ချက်တွေရှိပါတယ်။ သတင်းလုပ်ငန်းမှာ အကြောင်းအရာတစ်ခုကို ကိုယ်က စုံစမ်းပြီးတော့ ဖော်ထုတ်တဲ့ သတင်းကို မရမကလေ့လာပြီး ဖော်ထုတ်တဲ့နေရာမှာ ဒီလိုလုပ်လို့ ရပါတယ်။ လုပ်တဲ့အခါမှာ ရာဇဝတ် ကျူးလွန်တဲ့သူတွေရဲ့အမှုတွေကို စုံစမ်းပြီးတော့ လေ့လာမယ်၊ သူတို့အကြောင်းကို တင်ပြမယ်ဆိုရင် သတင်းထောက်က ခိုင်လုံတဲ့ အထောက်အထားတွေ ရရှိဖို့ လိုပါတယ်။ အဲဒီမတိုင်ခင်မှာလည်း Guideline တွေ လိုက်နာရပါမယ်။ စုံစမ်းတဲ့အခါမှာ အထောက်အထား ခိုင်ခိုင်မာမာရှိပြီဆိုရင် ဒီသတင်းကို ထုတ်လို့ရပါတယ်။ Sydney's 2 Days FM က သတင်းထောက်နှစ်ယောက် လုပ်လိုက်တဲ့ကိစ္စကတော့ သတင်းတန်ဖိုးက တော်ဝင်မိသားစု Entertainment အနေနဲ့ ဟန်ဆောင်ပြီးတော့ သတင်းသွားယူတာဖြစ်တယ်။ ဒါမျိုးကို BBC က ခွင့်မပြုပါဘူး။ မှန်တယ်၊ မှားတယ်ဆိုတာ ဆုံးဖြတ်ရန် ခက်ခဲပါတယ်။ ဟန်ဆောင်ပြီး ဖုန်းဆက်တာမျိုးကိုတော့ BBC က ခွင့်မပြုပါဘူး"ဟု ပြန်လည်ဖြေကြားခဲ့သည်။

BBC World Service ၏ အစီအစဉ်ထုတ်လွှင့်မှု ရာခိုင်နှုန်း အချိုးအစားများနှင့် စပ်လျဉ်း၍လည်း ယေဘုယျအားဖြင့် ပြန်ကြားရေးအတွက် ၄၀ ရာခိုင်နှုန်း၊ ဖျော်ဖြေရေးအတွက် ၄၀ ရာခိုင်နှုန်းနှင့် ပညာပေးရေးအတွက် ၂၀ ရာခိုင်နှုန်း အချိုးအစားများဖြင့် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ယခုလတ်တလောတွင်လည်း BBC Media Action မှ MRTV နှင့် ပူးပေါင်းပြီး drama ပြုလုပ်ရန်စီစဉ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ၎င်းကဲ့သို့ drama မျိုးတွင် ပညာပေးရေးအပိုင်းများ ပိုမိုပါဝင်နိုင်ပါကြောင်းဖြင့် ၎င်းက ပြန်လည်ဖြေကြားပြီး တွေ့ဆုံပွဲကို ညနေ ၃ နာရီတွင် ရုပ်သိမ်းခဲ့သည်။

BBC World Service အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ မိတ်ဖက်ရေဒီယိုနှင့် ရုပ်သံလွှင့်ဌာနပေါင်း ၁၂၅၀ ခန့်မှ သတင်းများ ထုတ်လွှင့်ပေးလျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ပရိသတ်သန်းပေါင်း ၅၀၀ အထိရှိရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဘီဘီစီ၏ မီဒီယာနည်းပညာ ပံ့ပိုးအကူအညီပေးရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် BBC Media Action သည် ၂၀၁၂ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအတွင်း ရုပ်သံလွှင့်မီဒီယာအတတ်ပညာဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချဆောင်ရွက်လျက်ရှိပြီး ယခုနှစ်အတွင်း BBC Media Action မှ ဖွင့်လှစ်ပို့ချခဲ့သည့် စာနယ်ဇင်းအတတ်ပညာဆိုင်ရာ သင်တန်းများနှင့် သတင်းတင်ဆက်ပုံ အပါအဝင် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ သင်တန်းအသီးသီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်း ၆၈၀ ပါဝင်တက်ရောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆ စာမျက်နှာ ၇ မှ

သတင်းအချက်အလက်များ၊ အကြံဉာဏ်များပေးနိုင်ရန်အတွက် လက်ခံတွေ့ဆုံအကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန၏ **"နေ့စဉ် မြန်မာတစ်ပြည်လုံးရှိ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသော စက်သုံးဆီအမျိုးမျိုး၏ အရည်အသွေး အခြင်အတွယ်များ ပြည့်မပြည့်နှင့် စစ်ဆေးသတ်မှတ်ချက်နှင့် မပြည့်စုံသောဆိုင်များအား မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်း"**မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့တွင် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှု ရှိမရှိ စစ်ဆေးခြင်းများကို လိုအပ်သည့်အချိန်၌ လိုအပ်သလိုသွားရောက်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

ထိုကဲ့သို့ စစ်ဆေးရာတွင် စက်သုံးဆီများ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ယာယီပိတ်သိမ်းခြင်းမှ လုံးဝပိတ်သိမ်းခြင်းအထိ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူလူထုအနေဖြင့် မိမိတို့ဝယ်ယူသုံးစွဲခဲ့သည့် စက်သုံးဆီအရောင်းဆိုင်များ၏ အရည်အသွေး၊ အခြင်အတွယ်နှင့်ပတ်သက်၍ သံသယရှိပါက သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းပေးထားသော ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီများသို့ ဆက်သွယ်သတင်းပို့နိုင်ပြီး လိုအပ်သလို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် စက်သုံးဆီ အရည်အသွေးအား စစ်ဆေးနိုင်ရန်အတွက် Mobile Fuel Lab ယာဉ် (၆) စီးကို ပြည်ပမှမှာယူတင်သွင်းခဲ့ပြီး လိုအပ်သည့် ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ တပ်ဆင်လျက်ရှိပါကြောင်း၊ တပ်ဆင်ပြီးစီးပါက အဆိုပါယာဉ်များဖြင့် စက်သုံးဆီအရောင်းဆိုင်များကို ကျယ်ကျယ်ပြန့်ပြန့်စစ်ဆေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

❖ စာမျက်နှာ ၅ မှ

သူတို့ကမ္ဘာ့နိုင်ငံကြီးတွေဖြစ်တဲ့ ဂျီ-၂၀ နိုင်ငံကြီးတွေရဲ့ ဦးတည်ချက်ပေါ်မှာ သိမြင်ပါဝင်ခွင့်ရပြီး ကျွန်တော်တို့နိုင်ငံရဲ့ရပ်တည်ချက်၊ အာဆီယံနိုင်ငံတွေရဲ့ ရပ်တည်ချက်ကိုလည်း ပြောနိုင်တာဖြစ်တဲ့အတွက် အလွန်အကျိုးရှိပါတယ်။ နိုင်ငံ့အတွက်ရော၊ အာဆီယံနိုင်ငံများ အတွက်ရော အာရှဒေသကြီးတစ်ခုလုံး အတွက်ပါ အကျိုးရှိပါတယ်။

**ဒေါက်တာဒေါ်ဝါဝါမောင်**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)**

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ကမ္ဘာ့စီးပွားရေး ရေရှည်တည်တံ့ခိုင်မာပြီး ဘက်မျှတဲ့ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေး ( Strong, Sustainable and Balanced Growth )ဆိုတဲ့ ဆောင်ပုဒ်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်။ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံအားလုံးက စုပေါင်းချမှတ်မယ့် အစီအစဉ်တွေကို တစ်နှစ်ပတ်လုံးချမှတ်ရေးဆွဲပြီး ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ ခေါင်းဆောင်တွေအားလုံး အတည်ပြုတဲ့ ကြေညာချက်ထုတ်ပြန်တာဖြစ်ပါတယ်။အလုပ်အကိုင်ဖန်တီးမှု၊ ကုန်သွယ်မှုမှာ ဖြေလျှော့မှုတွေပေးကြဖို့၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ထုတ်ကုန်တွေ နိုင်ငံတကာဈေးကွက်မှာ ဝင်ရောက်နိုင်ဖို့ကိစ္စ၊ သူတို့ရဲ့ နိုင်ငံတစ်နိုင်ငံချင်းစီမှာ ပြည်တွင်းပြုပြင်ပြောင်းလဲမှုတွေကတစ်ဆင့် ဂျီ-၂၀ ရဲ့ စုစုပေါင်း GDP ကိုဆက်စပ်ပြီး အခြားအဖွဲ့ဝင်နိုင်ငံမဟုတ်တဲ့ ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံတွေအပေါ်မှာ အပေါင်းလက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေရှိဖို့ ရည်ရွယ်ပါတယ်။ အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျီ-၂၀ နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမယ်။ သူတို့ စုပေါင်းထည့်ဝင်ထားတဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်တို့မှာရှိတဲ့ သူတို့ရဲ့အရင်းအမြစ်တွေကို ဖွံ့ဖြိုးဆဲနိုင်ငံမှာရှိနေတဲ့ အခြေခံအဆောက်အအုံတွေ တိုးတက်ဖို့အတွက် ပြန်လည်ရင်းနှီးမြှုပ်နှံမယ့်အနေအထားမျိုး (Public Private Partnership )အဖြစ် ဆောင်ရွက်မယ်ဆိုပြီး စီမံထားတယ်။အစကတည်းက ဂျီ-၂၀ ရဲ့ အဓိကရည်ရွယ်တာဟာ ဘဏ္ဍာရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေဖြစ်ခဲ့တဲ့အတွက် ဒါတွေကို ပြန်ပြီး ကုစားဖို့ စတင်ဖွဲ့စည်းခဲ့တာဖြစ်တယ်။ အခုက ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးနဲ့ပတ်သက်တဲ့ အကျပ်အတည်းတွေကို ပြန်ပြီးကုစားဖို့တင်မကဘူး၊ ကမ္ဘာ့စီးပွားရေးကို တောင့်တင်းခိုင်မာအောင်၊ ရေရှည်ရပ်တည်နိုင်အောင်အတွက် ပိုပြီးဘက်ညီမျှတတဲ့ ဖွံ့ဖြိုးမှုတွေ နိုင်ငံတွေအကြားမှာ ဖြစ်ပေါ်ရေးအတွက် ဖွံ့ဖြိုးမှုဘက်ကို ပိုပြီးဦးတည်လာတဲ့သဘောဖြစ်ပါတယ်။ရာသီဥတုပြောင်းလဲမှုနဲ့ဆိုင်တဲ့ ဆွေးနွေးပွဲမှာလည်း ဂျီ-၂၀ နိုင်ငံတွေဟာစက်မှုနိုင်ငံတွေဖြစ်တဲ့အတွက် ကမ္ဘာပေါ်မှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုမှာ ၇၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ရာသီဥတုပြောင်းလဲမှုတွေဖြစ်တဲ့အခါမှာ အများစုသည် သူတို့ကြောင့်ဆိုပြီး ကမ္ဘာကြီးက လက်ခံထားကြတယ်။ ကမ္ဘာကြီး ပူနွေးလာတဲ့အတွက် အကျိုးသက်ရောက်မှုအနေနဲ့ ဆိုးကျိုးတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် ဆင်းရဲတဲ့နိုင်ငံတွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ရာသီဥတုပြောင်းလဲမှုရဲ့အကျိုးသက်ရောက်မှုကို အရမ်းခံစားရပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွေကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းတွေ တော်တော်များများက ဒီအကျိုးသက်ရောက်မှု ရိုက်ခတ်ပါတယ်။ စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံတွေက ရာသီဥတုပြောင်းလဲမှုအတွက် ဘယ်လိုတုံ့ပြန်မလဲ၊ ဘယ်လိုစွမ်းအင်ချွေတာတဲ့ နည်းပညာတွေ တီထွင်မလဲ၊ ဒါတွေအတွက် ရန်ပုံငွေတွေ စုပေါင်းပြီးထည့်မယ်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နိုင်ငံတွေကို ဒီရန်ပုံငွေတွေနဲ့ ကူညီသွားမယ်။ သစ်တောတွေ ပြုန်းတီးနေရင် ပြန်စိုက်ပျိုးမယ်။ စွမ်းအင်ကို ချွေတာပြီး သုံးစွဲတဲ့ နည်းပညာတီထွင်မှုတွေ ပျံ့နှံ့အောင် ဆောင်ရွက်မယ်။ ကာဗွန်ထုတ်လုပ်မှုကို နည်းပါးစေတဲ့ နည်းလမ်းတွေပျံ့နှံ့အောင် ရန်ပုံငွေဝိုင်းဝန်းထည့်ကြမယ်။ အထူးသဖြင့် အမေရိကန်၊ ပြင်သစ်၊ ကိုရီးယား အစရှိတဲ့ နိုင်ငံတွေအားလုံးက ဝိုင်းဝန်းပြီးထည့်ကြမယ့် အစီအစဉ်တွေလည်း ပါပါတယ်။ ကမ္ဘာကြီးရဲ့ ထိပ်တန်းရောက်နေတဲ့ အင်အားကြီးနိုင်ငံတွေ ဖြစ်တယ်။ တကယ်တမ်းကျတော့ ကမ္ဘာကြီးရဲ့ စီးပွားရေးကို ဂျီ-၇၊ ဂျီ-၈ နိုင်ငံတွေနဲ့ပဲ ဖြေရှင်းလို့ မရဘူး။ ထွန်းသစ်စနိုင်ငံတွေ ပိုပြီးတော့ ပါဝင်တဲ့အခါ အတွေးအမြင်တွေမျိုးစုံနဲ့ ပါဝင်ဆွေးနွေးလာနိုင်တယ်။ ကမ္ဘာမှာ နိုင်ငံတွေအများကြီးရှိတဲ့အထဲမှာ ဂျီ-၂၀ ဆိုတဲ့ နိုင်ငံ ၂၀ တည်းနဲ့ပဲ ကိုယ်စားပြုနေတာကို သူတို့အနေနဲ့မလုံလောက်ဘူး။ အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေကိုလည်း ဖိတ်ခေါ်ပြီး သူတို့အထဲမှာ ပါဝင်ဆွေးနွေးစေတာ၊ ကျွန်မတို့ အာဆီယံလို၊ အာဖရိက အစရှိသဖြင့် သက်ဆိုင်ရာဒေသတွင်းနိုင်ငံတွေ၊ ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံတွေက အသံတွေကိုလည်း တင်ပြခွင့်၊ ဆွေးနွေးခွင့်ရရှိတယ်။ ရာသီဥတုတွေ ပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာတဲ့ နိုင်ငံတွေအတွက် ဘယ်လိုအခွင့်အလမ်းမျိုး ပြန်ပြီးဖန်တီးပေးနိုင်မလဲဆိုတဲ့ အနေအထားမျိုးတွေကိုလည်း ဆွေးနွေးခွင့်ရရှိတယ်။ အထူးသဖြင့်တော့ ကျွန်မတို့အနေနဲ့ သူတို့ဆွေးနွေးမှုတွေကနေ နိုင်ငံတကာနဲ့ပတ်သက်တဲ့ အရေးကိစ္စ၊ ကမ္ဘာပေါ်မှာအဓိကကျတဲ့ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ အလုပ်အကိုင်ဖန်တီးမှု၊ စွမ်းအင်စွမ်းဆောင်ရည်ဆိုင်ရာ အစရှိသဖြင့် အများကြီးလေ့လာသိရှိရပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း**

ဂျီ-၂၀ အစည်းအဝေးမှာ ကမ္ဘာမှာ ဒီနေ့အရေးကြီးနေတဲ့ စွမ်းအင်ကိစ္စကိုလည်း အဓိကထားဆွေးနွေးပါတယ်။ တစ်ပိုင်းက ဒီနေ့ထုတ်လုပ်နေတဲ့ စွမ်းအင်အကုန်လုံးက ထိန်းထိန်းသိမ်းသိမ်းနဲ့ Supply and Demand မျှတအောင်ထိန်းပြီး သုံးသွားဖို့ ဒါမှသာ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရနိုင်မယ်။ နောက်တစ်ခုက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကိုပါ တိုးတက်ထုတ်လုပ်မှသာ ကမ္ဘာသူ၊ကမ္ဘာသားတွေအတွက် လိုအပ်ချက်တွေကို ရမှာပေါ့။ ဒီနေ့ကမ္ဘာ့လူဦးရေရဲ့ ငါးပုံတစ်ပုံလောက်က လျှပ်စစ်အသုံးပြုနိုင်ဖို့ အနေအထားတွေကိုလည်း ခေါင်းဆောင်တွေ ဆွေးနွေးပါတယ်။ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေက ပြည်သူတွေရဲ့ ရှေ့အလားအလာတွေအတွက် ဆွေးနွေးသွားကြပါတယ်။

ဒ့ါအပြင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နဲ့ သဘာဝဘေးအန္တရာယ်တွေ ကျော်လွှားဖို့ကိစ္စတွေလည်း ပါဝင်ပါတယ်။ အေပက်အစည်းအဝေး၊ အာဆီယံအစည်းအဝေး၊ အခု ဂျီ-၂၀ အစည်းအဝေးက တစ်ဆက်တစ်စပ်တည်းလေ။ နိုင်ငံအားလုံးအတူတူ ပေါင်းစည်းပြီးလုပ်မှ အခုလက်ရှိရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မယ်။ တူညီတဲ့အမြင်တွေရှိတယ်။ အတူတူ ပူးပေါင်းပြီး လက်တွဲဆောင်ရွက်ကြမယ်ဆိုတဲ့ အနေအထားရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ အာဆီယံမှာလည်း ပြည်သူဗဟိုပြုအာဆီယံဆိုပြီး လုပ်သလိုပဲ ဒီနေ့ ဂျီ-၂၀ အစည်းအဝေးမှာလည်း တစ်ကမ္ဘာလုံးအတွက်ကို ခြုံပြီးတော့ စဉ်းစားတဲ့ အချက်တွေ ပါဝင်ပါတယ်။

## ပြည်တွင်းရေးရာ

**✱ ပညာရေးမှ**

အဆင့်မြင့်ပညာဥပဒေ(သို့)တက္ကသိုလ်များဖြင့် ဆိုင်သော ဥပဒေများ ထွက်ရှိလာမှာဖြစ်ကြောင်း၊ အဆိုပါဥပဒေများ၏အောက်တွင် တက္ကသိုလ်တစ်ခုချင်း၏ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သော ပဋိညာဉ်ရေးဆွဲနေကြောင်း၊ ဥပဒေပြုအဖွဲ့များကလည်း ညှိနှိုင်းပြီး တက္ကသိုလ်များ၊ ပညာရေးနှင့် ဆက်စပ်နေသူများအားလုံး ဖိတ်ခေါ်ထားကြောင်း၊ ကျောင်းသားအချို့ ထုတ်ပြန်ထားသော အချက်(၆)ချက်အနက် တစ်ချက်တွင် ၎င်းတို့ပါဝင်ခြင်းမရှိခဲ့ဟု ဆိုသည့်အပေါ် အားလုံးပါဝင်ရေးဆွဲခဲ့ကြောင်းကို ဓာတ်ပုံနှင့်တကွ ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ဆန္ဒနှင့်မရဘဲ အားလုံးညှိနှိုင်းဆောင်ရွက်ရကြောင်းကို ပညာရေးဆိုင်ရာ ပညာရှင်များ၊ ဥပဒေ ရေးဆွဲရာတွင် ပါဝင်ခဲ့သူများ၊ ဥပဒေရေးရာကျွမ်းကျင်သော ဥပဒေပညာရှင်များက ရှင်းလင်းပြောကြားမှာဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများ၏ သားသမီးများပင်ဖြစ်သည့်အတွက် နားလည်သည်အထိ ရှင်းပြသွားမည်ဖြစ်ကြောင်း၊ ဥပဒေကို မနှစ်သက်သည့် အချက်အလက်ရှိခဲ့သော် နားထောင်ရန် အဆင်သင့်ဖြစ်ကြောင်း၊ ယင်းတို့တောင်းဆိုချက်များကို လုပ်ပေးနိုင်သည်၊ မလုပ်ပေးနိုင်သည်ကို ဒီမိုကရေစီနိုင်ငံဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းဆုံးဖြတ်၍ မရဘဲ ဥပဒေပြုသည့်နေရာသို့ ပြန်လည်တင်ပြရမည်ဖြစ်သည့်အတွက် လာမည့်သီတင်းပတ်တွင် ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း၊ ပညာရှင်အဖွဲ့များအပါအဝင် ဆရာ ဆရာမများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း၊ ယနေ့ ရှင်းလင်းတင်ပြခြင်းသည် ကျောင်းသားများပြောသည့်အချက်များကို ချေပခြင်းမဟုတ်ဘဲ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ တင်ပြရန်ဖြစ်ကြောင်း၊ အားလုံးပါဝင်သော ပညာရေးစနစ်တွင် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော အရည်အချင်းပြည့်ဝသည့် ပညာရှင်များဖြစ်ထွန်းရေးကို ဦးတည်ဆောင်ရွက်ရန်မှာ အဓိကဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပညာရှင်အကြံပေးအဖွဲ့ နာယက(၁)ဖြစ်သူ ဆရာကြီး ဦးသန်းဦး၊ ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဥပဒေပညာပါမောက္ခ ဒေါက်တာဒေါ်ခင်ချစ်ချစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦး၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲတို့က အမျိုးသားပညာရေး ဥပဒေရေးဆွဲရခြင်း၊ ဆန္ဒပြကျောင်းသားအချို့ တောင်းဆိုထားသည့် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အားလုံးပါဝင်ဆွေးနွေးကြရန် ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဖြေကြားခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်တွင် အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ ကျောင်းသားအချို့အချက်(၆)ချက်ကို ထုတ်ပြန်တောင်းဆိုခဲ့ခြင်းနှင့် ပတ်သက်၍ ဆန္ဒပြကျောင်းသားကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုလွှတ်တော် တာဝန်ရှိကော်မတီများနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းလိုပါက ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက ဖိတ်ခေါ်ထားသည်။

ထို့ပြင် ဥပဒေများအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း စသည့် ဥပဒေပြုရေးအာဏာမှာ ဥပဒေပြုလွှတ်တော်တွင်ရှိနေသည့်အတွက် ကျောင်းသားလူငယ်များ၏ ဆန္ဒနှင့် သဘောထားများကို သက်ဆိုင်ရာလွှတ်တော်ကော်မတီများထံ တင်ပြဆွေးနွေးနိုင်ရန်အတွက် အဆိုပါကော်မတီက အကျိုးဆောင်အဖြစ်စေ့စပ်ညှိနှိုင်းပေးရန် အဆင်သင့်ရှိကြောင်း၊ ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် အမျိုးသားပညာရေးနည်းဥပဒေ၊ ကဏ္ဍအလိုက် ဥပဒေများနှင့် တက္ကသိုလ်ပဋိညာဉ်မူကြမ်းများကို ရေးဆွဲပြီး မိဘပြည်သူများအားလုံးထံသို့ တစ်လအတွင်း တင်ပြသွားနိုင်ရန် ဥပဒေပညာရှင်များအဖွဲ့က စိစစ်လျက်ရှိရာ ကျောင်းသားလူငယ်များ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် ပညာရေးနှင့် ပတ်သက်ဆက်နွှယ်နေသူများအနေဖြင့် တက္ကသိုလ်အလိုက်ဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ တင်ပြဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းညှိနှိုင်းရေးဆွဲနိုင်ရေးအတွက် ပူးပေါင်းပါဝင်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

**❍ နိုင်ငံတကာမှ**

ပြင်းပြင်းထန်ထန်လေ့ကျင့်လျက်ရှိသည်။ လက်ရှိတွင် နည်းပြချုပ်မရှိသော်လည်း ဒေါ်သက်သက်ဝင်းက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံခြားနည်းပြတစ်ဦးခန့်အပ်ရန် စီစဉ်ထားပြီး ရွေးချယ်ထားသော ပဏာမကစားသမားများထဲတွင် စန်းစန်းမော်၊ သန်းသန်းထွေး စသည့် ဝါရင့်ကစားသမားများ ပါဝင်လာသည်။

မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ တရုတ်လူငယ်လက်ရွေးစင်အမျိုးသမီးအသင်း(သို့) တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရန် စီစဉ်ထားသည်။ ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာအမျိုးသမီးအသင်းအနေဖြင့် စီစဉ်ထားပါကြောင်း။

**(ရှိုင်းထက်ဇော်)**

# အမျိုးသားပညာရေးဥပဒေအား ကျေနပ်မှုမရှိ၍ ဆန္ဒဖော်ထုတ်ခဲ့ကြသော ကျောင်းသားများနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**မြန်မာနိုင်ငံအမျိုးသားပညာရေးဥပဒေကို ကျောင်းသားအချို့မှ ဆန့်ကျင်ကန့်ကွက်လျက် ဆန္ဒဖော်ထုတ်နေမှုများနှင့်ပတ်သက်၍ သွားရောက်တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ခဲ့သော ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သတင်းအဖွဲ့တို့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**မေး။ ။ ဆရာတို့အဖွဲ့အနေနဲ့ ဆန္ဒဖော်ထုတ်နေတဲ့ ကျောင်းသားများကို သွားရောက်တွေ့ဆုံခဲ့တဲ့ရည်ရွယ်ချက်ကို သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ဆန္ဒဖော်ထုတ်နေတဲ့ ကျောင်းသားများကို အချက်(၂)ချက်ကြောင့် သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ပထမအချက်ကတော့ ကျောင်းသားထုရဲ့ လုပ်ဆောင်လိုတဲ့အချက်များကို ရှင်းလင်းစွာသိရှိရန်နဲ့ ပညာရေးဌာနမှ လုပ်ဆောင်ထားတဲ့အချက်များကို ရှင်းလင်းအသိပေးရန်နဲ့ ဒုတိယအချက်ကတော့ လက်တွေ့ကျကျဆောင်ရွက်နိုင်တဲ့၊ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းများကို အမြန်စတင်လုပ်ဆောင်နိုင်ရန်အတွက် ညှိနှိုင်းပံ့ပိုးစီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။

**မေး။ ။ ကျောင်းသားများသမဂ္ဂအဖွဲ့က ဘယ်နှစ်ဦး တက်ရောက်ခဲ့ပါသလဲ။**

ဖြေ။ ။ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းမှာ အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ကြေးသွန်းဘုရားကြီးမှာ ကျောင်းသားလူငယ်များ စုစည်းကြမှာဖြစ်ပြီး အဆိုပါနေရာမှတစ်ဆင့် ရွှေတိဂုံဘုရားပေါ်သို့ တက်ရောက်ဖို့အစီအစဉ်ရှိတယ်လို့ သိရှိခဲ့ရတဲ့အတွက် အဆိုပါကျောင်းသားသမဂ္ဂအဖွဲ့မှ ဦးဆောင်သူများကိုဆက်သွယ်ပြီး တွေ့ဆုံဖို့စီစဉ်ခဲ့ပါတယ်။ တွေ့ဆုံပွဲသို့ ကျောင်းသားသမဂ္ဂအဖွဲ့မှ ၁၀ ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။

**မေး။ ။ ဆရာတို့ တွေ့ဆုံဆွေးနွေးခဲ့တဲ့အခြေအနေတွေနဲ့ တွေ့ဆုံမှုရဲ့ရလဒ်တွေကို ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ကျောင်းသားထု အရေးပေါ်အစည်းအဝေးရဲ့ ထုတ်ပြန်ချက်(၆)ချက်နဲ့ပတ်သက်လို့ တစ်ချက်ချင်းအလိုက် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ထုတ်ပြန်ချက် (၁)သည် မှတ်ယူသုံးသပ်ချက်သာဖြစ်သဖြင့် မည်သည့်ပြဋ္ဌာန်းချက်အပေါ်အခြေခံ၍ မည်သို့မှတ်ယူသုံးသပ်သည်ကို မပေါ်လွင်သဖြင့် ဆက်လက်ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ချက်(၂)သည် လွတ်လပ်စွာပညာသင်ကြားခွင့်ကို တောင်းဆိုထားခြင်းဖြစ်ရာ ထိုအချက်သည် ပညာရေးဌာနအနေဖြင့် အဓိကထားဖြည့်ဆည်းထားသည့် အချက်ဖြစ်သဖြင့် တူညီမှုရှိပါ၍ ဆက်လက်ပြဋ္ဌာန်းမည့် ဥပဒေတွင် ပါဝင်နိုင်ရေးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက် (၃)တွင် မူဝါဒများသည် ဒီမိုကရေစီမဆန်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့် ပြဋ္ဌာန်းချက်အပေါ် အခြေခံပြောသည် မပေါ်လွင်သဖြင့် ဆက်လက်ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာပညာသင်ကြားခွင့်ကို တောင်းဆိုထားခြင်းသည် ပညာရေးဌာနအနေဖြင့် အဓိကထားဖြည့်ဆည်းထားသည့် အချက်ဖြစ်သဖြင့် တူညီမှုရှိပြီး ဆက်လက်ပြဋ္ဌာန်းမည့် ဥပဒေတွင် ပါဝင်နိုင်ရေးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်(၄)တွင် -

(၁) အစိုးရထိန်းချုပ်ခွင့်ပါခြင်း၊

(၂) ပညာရှင်ပါဝင်နိုင်မှုအပြည့်အဝ ပေးမထားခြင်း၊

(၃) ကျောင်းတွင်းအသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့် ပေးမထားခြင်းဟု ဖော်ပြထားသဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သော အမျိုးသားပညာရေးဥပဒေတွင် အမှတ်စဉ်(၁၊ ၂)ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်သည့်ကဏ္ဍမှ မည်မျှပါဝင်ရမည်ကို သတ်မှတ်ပြဋ္ဌာန်းရေးသည် နောင်ပြဋ္ဌာန်းမည့် နည်းဥပဒေနှင့် ကဏ္ဍအလိုက် ဥပဒေတွင် ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အားလုံးညှိနှိုင်း၍ အဆိုပြုနိုင်ခွင့် ရှိပါကြောင်း၊အမှတ်စဉ်(၃)နှင့်ပတ်သက်၍ ကျွန်တော်တို့နိုင်ငံတွင် နိုင်ငံရေးပါတီများကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီး လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိသကဲ့သို့ တက္ကသိုလ်များရှိ ကျောင်းတွင်းအသင်းအဖွဲ့များအနေဖြင့်လည်း သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်နှင့်အညီ မှတ်ပုံတင်ပြီး လွတ်လပ်စွာဆောင်ရွက်ခွင့် ရှိမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းမည့် ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် ဆောင်ရွက်လျက်ရှိခြင်းကြောင့် တူညီသောအချက်သာ ဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်(၅)သည် ထုတ်ပြန်ချက်(၄)တွင် ရှင်းပြခဲ့သည့် ကျောင်းတွင်းအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် သက်ဆိုင်သဖြင့် ပြဋ္ဌာန်းမည့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည့်အချက်ပင်ဖြစ်ကြောင်း၊ ထုတ်ပြန်ချက်(၆)နှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါ တောင်းဆိုချက်များသည် တူညီသော ဆန္ဒဖြစ်ပြီးပြဋ္ဌာန်းမည့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သောကိစ္စရပ်များသာဖြစ်သဖြင့် အထူးရှင်းရန်မလိုကြောင်း စသဖြင့် အချက်တစ်ခုချင်းအလိုက် အသေးစိတ် ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ ဆရာ့ဆွေးနွေးချက်နဲ့ ပတ်သက်လို့ ကျောင်းသားသမဂ္ဂအဖွဲ့မှ သဘောထားအမြင်ကို သိလိုပါတယ်။**

ဖြေ။ ။ ကျောင်းသားများဘက်မှ ပြန်လည်ဆွေးနွေးရာတွင်-

(၁) ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေသည် NNER၏ အဆိုပြုချက်များ မပါသဖြင့် သဘောမတူကြောင်း။

(၂) ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေကို ဖျက်သိမ်းရန် (သို့မဟုတ်) ပြင်ဆင်ရန် ရှိ၊ မရှိနှင့် ပြင်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ။

(၃) ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရေးအာမခံနိုင်ခြင်း ရှိ၊ မရှိ။

(၄) တက္ကသိုလ်တိုင်းတွင် ကျောင်းသားသမဂ္ဂကို နှုတ်သဘောအရ ဖွဲ့ခွင့်ပေးရန်တို့ဖြစ်ပါတယ်။

**မေး။ ။ ကျောင်းသားသမဂ္ဂရဲ့ သဘောဆန္ဒအချက်(၄)ချက်နဲ့ ပတ်သက်လို့ ဆရာတို့အနေနဲ့ မည်သို့စီစဉ်ပေးနိုင်မှုရှိပါသလဲ။**

ဖြေ။ ။ ဆွေးနွေးချက်များနဲ့ပတ်သက်လို့ မိမိတို့ ဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်များကို ဥပဒေနဲ့အညီ စီစဉ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်-

(၁) ဆောင်ရွက်လိုသည့်အချက်များအနက် လက်တွေ့ကျကျ ဆောင်ရွက်သင့်သော၊ ဆောင်ရွက်နိုင်သော အချက်များစာရင်းကို ရေးချရန်၊

(၂) ထိုစာရင်းပါ အချက်များကို မည်သို့ဆောင်ရွက်မည်ကို ညှိနှိုင်းရန်၊

(၃) ကျောင်းသားသမဂ္ဂများဖွဲ့စည်းခွင့်ရရှိရေး အာမခံနိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ တက္ကသိုလ်အသီးသီးတွင် ရေးဆွဲမည့် တက္ကသိုလ်ပဋိညာဉ်စာတမ်းများတွင် ပြဋ္ဌာန်းမည့် အချက်အတိုင်း ဆောင်ရွက်ရန်၊

(၄) ဆောင်ရွက်မည့် လုပ်ငန်းများကိုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရရေးအတွက် နောင်ပြဋ္ဌာန်းမည့် နည်းဥပဒေ၊ ကဏ္ဍအလိုက် ဥပဒေနှင့် တက္ကသိုလ်ပဋိညာဉ်တို့တွင် ထည့်သွင်းပြဋ္ဌာန်း ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

**မေး။ ။ ဆရာတို့နှစ်ဦးနှစ်ဖက် အကျေအလည် ဆွေးနွေးပြီးနောက် နှစ်ဖက်ညှိနှိုင်းရရှိချက်များကို သိလိုပါတယ်။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ကျောင်းသားထု အရေးပေါ်အစည်းအဝေးမှ ထုတ်ပြန်ချက်(၆)ချက်နဲ့ ကျောင်းသားသမဂ္ဂအဖွဲ့မှ ထပ်မံဆွေးနွေးတဲ့ အချက်(၄)ချက်တို့အပေါ် တစ်ချက်ချင်းအလိုက် ကျယ်ပြန့်စွာဆွေးနွေးခဲ့ပါတယ်။ ထိုသို့ဆွေးနွေးစဉ် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီဝင် ဆိုသူများက အောက်ပါအချက်များကို ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ပါတယ်-

(၁) မိမိတို့အဖွဲ့သည် ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်ရန် တောင်းဆိုကြောင်း၊ ထိုအချက်ကို အာမခံပေးနိုင်မှသာ ဆွေးနွေးမည်ဖြစ်ကြောင်း၊

(၂) ပြင်ဆင်ရန်အတွက် လွှတ်တော်ကိုတင်ပြရန် မိမိတို့မှာ လမ်းကြောင်းရှိကြောင်း၊

(၃) ဆွေးနွေးမည်ဆိုပါက ပြင်ဆင်ရန်အတွက် တာဝန်ခံပေးနိုင်သော အစိုးရအဖွဲ့ရယ်၊ လွှတ်တော်ပိုင်းရယ်၊ NNER အဖွဲ့နဲ့ မိမိတို့သပိတ်မှောက်ကောင်စီနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရမှာ ဖြစ်ကြောင်း ၊ ယခုဆရာတို့နှင့် ဆွေးနွေးပွဲသည် အဖြေထွက်မည့် ဆွေးနွေးပွဲမဟုတ်သဖြင့် ဆွေးနွေးမှုကို ရုပ်သိမ်းပါကြောင်းနှင့် ဒီကနေ့အမျိုးသားနေ့ သပိတ်မှောက်ကောင်စီရဲ့ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းတို့ဖြစ်ပါတယ်။

**မေး။ ။ ကျောင်းသားသမဂ္ဂအဖွဲ့ရဲ့ ထပ်မံတောင်းဆိုချက်များနဲ့ ပတ်သက်လို့ ဆရာ့သဘောထားအမြင်ကို သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ ဒီနေ့ သွားရောက်တွေ့ဆုံတာသည် ဒီမိုကရေစီနည်းလမ်းနဲ့အညီ နှစ်ဦးနှစ်ဖက် တွေ့ဆုံညှိနှိုင်းအဖြေရှာကြခြင်းပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့ နိုင်ငံများရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများမှာ ကျွန်တော်လေ့လာမိသလောက်တော့ ဒီမိုကရေစီနိုင်ငံများမှာ လွှတ်တော်က ဥပဒေပြဋ္ဌာန်းလျှင် သမ္မတကိုယ်တိုင်ပင်လျှင် လိုက်နာရတဲ့အတွက် ပြည်သူအားလုံးအနေနဲ့ လိုက်နာကြကြောင်း တွေ့ရှိရပါတယ်။

**မေး။ ။ ဆရာ့အနေနဲ့ တခြားဘာများ ပြောချင်ပါသေးသလဲ။**

ဖြေ။ ။ ဒီနေ့ ကျောင်းသားသမဂ္ဂအဖွဲ့နဲ့ ကျွန်တော်တို့ နှစ်ဖက်တွေ့ဆုံမှုဟာ အင်မတန် ထူးခြားမှုရှိပါတယ်။ နှစ်ဦးနှစ်ဖက်ရဲ့ သဘောဆန္ဒတွေ ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ဆွေးနွေးခွင့်ရတဲ့အပြင် မီဒီယာအဖွဲ့(၃၀)ခန့်ရဲ့ ရှေ့မှာပဲ ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျောင်းသားသမဂ္ဂအဖွဲ့တွေနဲ့ ကျွန်တော် မိနစ် ၄၀ ကြာ ဆွေးနွေးပြီးနောက်မှာလည်း မီဒီယာများရဲ့ မေးမြန်းချက်တွေကို ကျွန်တော်နှင့်အတူပါလာတဲ့ ပါမောက္ခချုပ်အချို့ကလည်း မိနစ် ၃၀ ကျော်ခန့် ဖြေကြားခဲ့တဲ့အတွက် သတင်းစာရှင်းလင်းပွဲပုံစံမျိုး ဖြစ်ခဲ့ပါတယ်။ ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော အာဏာ(၃)ရပ်မှာ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် ဥပဒေနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း စသည့် ဥပဒေပြုရေးအာဏာမှာ ဥပဒေပြုလွှတ်တော်တွင် ရှိနေသည့်အတွက် ကျောင်းသားလူငယ်များ၏ ဆန္ဒနှင့် သဘောထားများကို သက်ဆိုင်ရာလွှတ်တော်ကော်မတီများထံ တင်ပြဆွေးနွေးနိုင်ရန်အတွက် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက အကျိုးဆောင်အဖြစ် စေ့စပ်ညှိနှိုင်းပေးရန် အဆင်သင့်ရှိနေကြပါတယ်။ ကျွန်တော့်အနေနဲ့ ရည်ရွယ်ချက် တူညီမှုရှိသဖြင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပူးပေါင်းအဖြေရှာသည့် စနစ်သာလျှင် နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။

**(သတင်းအဖွဲ့)**

# ပညာရေးအတွက် ဆွေးနွေးမှုများဖြင့်သာ အဖြေရှာသင့်

တွေ့ဆုံမေးမြန်း - မိုးသူဇာစိုး၊ ရီရီမြင့်
ဓာတ်ပုံ - ရဲထွဋ်


ဆရာကြီး ဦးသန်းဦး
ပညာရှင်
အကြံပေးအဖွဲ့နာယက။


ဒေါက်တာ အောင်မင်း
ပါမောက္ခချုပ်
ရန်ကုန်ပညာရေးတက္ကသိုလ်။


ဒေါက်တာဒေါ်ခင်ချစ်ချစ်
ဥပဒေပညာပါမောက္ခ
ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်။


ဒေါက်တာခင်နိုင်ဦး
တာဝန်ခံပါမောက္ခချုပ်
ရန်ကုန်စီးပွားရေးတက္ကသိုလ်။


ဒေါက်တာခိုင်မြ
ပါမောက္ခချုပ်
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်။


ဒေါက်တာမြင့်သိန်း
နိုင်ငံတကာကျွမ်းကျင်ပညာရှင်
သင်ရိုးအကြံပေး။

အမျိုးသားပညာရေး ဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ နိုဝင်ဘာ ၁၄ ရက် ပထမနေ့တွင် ရန်ကုန်ဘူတာကြီးရှေ့မှ ဆူးလေဘုရားလမ်းတစ်လျှောက် မြို့တော်ခန်းမရှေ့အထိ လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက် ဒုတိယနေ့တွင် သမိုင်းလမ်းဆုံမှ အင်းစိန်လမ်းမတစ်လျှောက် ရန်ကုန်တက္ကသိုလ်အထိ လည်းကောင်း၊ နိုဝင်ဘာလ ၁၆ ရက် တတိယမြောက်နေ့တွင် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်ရှိ ကြေးသွန်းဘုရားကြီးမှ ရွှေတိဂုံစေတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့အထိလည်းကောင်း ဆန္ဒပြခဲ့ကြသည်။ နိုဝင်ဘာ ၁၆ ရက်တွင် အမျိုးသားပညာရေး ဥပဒေနှင့်ပတ်သက်၍ ကျောင်းသားအချို့က အချက်(၆)ချက်ကို ထုတ်ပြန်ခဲ့သည်။

အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ အစိုးရနှင့်လွှတ်တော်တာဝန်ရှိသူများအား ရက်ပေါင်း ၆၀ အတွင်း တွေ့ဆုံဆွေးနွေးရန် ဆန္ဒပြကျောင်းသားများက တောင်းဆိုလိုက်ပြီး ဆန္ဒပြမှုများကို ခေတ္တဆိုင်းငံ့ထားမည်ဟု နိုဝင်ဘာ ၁၇ ရက်က ကြေညာခဲ့သည်။

ယင်းကဲ့သို့ ထုတ်ပြန်တောင်းဆိုခဲ့ခြင်းနှင့်ပတ်သက်၍ ဆန္ဒပြကျောင်းသားကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုလွှတ်တော်တာဝန်ရှိသူကော်မတီများနှင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းတောင်းဆိုလိုပါက ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီက ဖိတ်ခေါ်ထားသည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီက ညှိနှိုင်းဆောင်ရွက်မှုအနေဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်ခင်စန်းရီ၊ ပညာရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သတင်းမီဒီယာများ ဆွေးနွေးခဲ့ရာ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဆရာကြီး ဦးသန်းဦး**
**ပညာရှင်၊ အကြံပေးအဖွဲ့နာယက**

အမျိုးသားပညာရေး ဥပဒေက ပညာရပ်တွေအားလုံးကို လွှမ်းခြုံပြီး ပြုစုထားတဲ့ ဥပဒေဖြစ်ပြီး နောင်ထွက်လာမယ့် အခြေခံပညာဥပဒေ၊ အဆင့်မြင့်ပညာဥပဒေစတဲ့ ဥပဒေတွေအားလုံးရဲ့ မိခင်ဥပဒေ (Mother Law) ဖြစ်ပါတယ်။

ကျောင်းသား တွေ တောင်းဆိုနေမှုတွေနဲ့ပတ်သက်ပြီး နောင်ထွက်လာမယ့်ဥပဒေတွေမှာ ပါဝင်လာမယ့် အချက်တွေကို ဆွေးနွေးညှိနှိုင်းနိုင်ပါတယ်။ တက္ကသိုလ်အပါအဝင် စတဲ့ အသင်းအဖွဲ့ တွေ အားလုံးပါဝင်ပါတယ်။ တောင်းဆိုချက်တွေကို ပိတ်ပင်ထားတဲ့အချက်တွေ ဒီအမျိုးသားပညာရေးဥပဒေနဲ့ နောင်ထွက်လာမယ့် ဥပဒေတွေမှာလည်း ပါဝင်မှာ မဟုတ်ပါဘူး။

ကျောင်းသားတွေအနေနဲ့ ဒီဥပဒေကို လုံးစေ့ပတ်စေ့ သေချာစွာ လေ့လာဖတ်ရှုစေချင်ပါတယ်။ တစ်ဦးကောင်းတစ်ယောက်ကောင်းရေးဆွဲထားတာ မဟုတ်ပါဘူး။ အမျိုးသားပညာရေးဥပဒေမှာ ကျောင်းသားတွေလိုလားချက်တွေကို ပိတ်ပင်ထားချက်တွေ လုံးဝမရှိပါဘူး။ ဆိုင်ရာတွေနဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ပါတယ်။ အမျိုးသားပညာရေးဥပဒေသည် နိုင်ငံတိုင်းအတွက် ရှိသင့်ရှိအပ်တဲ့ ပညာရေးဥပဒေဖြစ်ပါတယ်။

ဒီဥပဒေဟာ လက်ခံလို့ရတဲ့ ဥပဒေလို့သတ်မှတ်ပါတယ်။ ၂၁ ရာစုလိုအပ်ချက်များ အားလုံးပါဝင်တဲ့ အချက်တွေကို ဒီဥပဒေထဲမှာထည့်သွင်းထားတဲ့အတွက် ဒီဥပဒေဟာ သင့်လျော်မျှတတဲ့ ဥပဒေလို့ ရဲရဲကြီးအာမခံပါတယ်။

ဥပဒေရဲ့ အခန်း(၄)မှာ ပါဝင်တဲ့ အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းရမယ်ဆိုတာ နည်းဥပဒေမှာ ပါဝင်လာမှာဖြစ်တယ်။ ပညာရေးကဏ္ဍတစ်ခုလုံး ချောချောမွေ့မွေ့ ဆောင်ရွက်ပေးမယ့်အဖွဲ့က တက္ကသိုလ်တွေကို အုပ်ချုပ်မယ့်အဖွဲ့မဟုတ်ဘဲ ပေါင်းစပ်ညှိနှိုင်းမှုလုပ်ပေးမယ့်အဖွဲ့ဖြစ်ပါတယ်။ ဒီလိုဖြစ်စေ၊ ဒီလိုမဖြစ်စေနဲ့လို့လုပ်မယ့် ဗဟိုချုပ်ကိုင်မှု လုံးဝရှိမှာမဟုတ်ဘူး၊ ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဆိုကတည်းက အခြားတက္ကသိုလ်တွေအားလုံးနဲ့ ပေါင်းစပ်ညှိနှိုင်းဖို့ပဲဖြစ်ပါတယ်။

လွတ်လွတ်လပ်လပ်ဆန္ဒပြတာ တင်ပြရကောင်းလားဆိုပြီး ကျောင်းထုတ်တာတွေ၊ အရေးယူတာတွေရှိမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ရိုင်းပျတာ၊ ဥပဒေကိုချိုးဖောက်တာတွေတော့ လုပ်လို့မရပါဘူး။ ဒီဥပဒေဟာ စမ်းသပ်တဲ့ဥပဒေမဟုတ်ပါဘူး။ ပညာရေးကဏ္ဍ ခိုင်မာတောင့်တင်းအောင် လုပ်သွားဖို့ပဲရှိပါတယ်။

ဥပဒေက ပြဋ္ဌာန်းထားတာပဲရှိသေးတယ်။ အကောင်အထည်ပေါ်ဖို့က နည်းဥပဒေနဲ့လိုက်ရမှာ၊ ဌာနဆိုင်ရာကို ပစ်ပယ်ပြီးတို့ချည်းလုပ်မယ်လို့ မရဘူး။ ပညာရေးနဲ့ပတ်သက်ဆက်နွှယ်တဲ့ ပါဝင်သင့်တဲ့အဖွဲ့အစည်းအားလုံးပါဝင်ပြီး တိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဗဟိုချုပ်ကိုင်မှု မပါဝင်ဘူးလို့ သေသေချာချာ ပြောရဲပါတယ်။ တစ်ဆင့်ချင်းအဆင့်လိုက် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အချိန်လိုအပ်ကြောင်း။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း လုပ်ဖို့ဆိုတာ ချက်ချင်းမဖြစ်နိုင်သေးဘူး။ အချိန်လိုအပ်ပါတယ်။

ကျောင်းသားတွေနဲ့ နည်းဥပဒေရေးဆွဲရသူတွေနဲ့ ညှိနှိုင်းဆွေးနွေးရမှာဖြစ်ပါတယ်။ ကျောင်းသားတွေလာဆွေးနွေးရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ အတူတွဲလုပ်ခဲ့ပါတယ်။ တူတာကိုပေါင်းလုပ်မယ်။ မတူတာကိုခွဲလုပ်မယ်ဆိုပြီး လုပ်ခဲ့တယ်။ ကျောင်းသားအဖွဲ့အစည်းဆိုတာရှိအပ်တယ်။ ကျောင်းသားကိုယ်စားလှယ်၊ ဆရာကိုယ်စားလှယ်ပါကိုပါရမယ်။ အဲ့ဒီလိုပါတဲ့အဖွဲ့ကိုပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့လို့ ခေါ်ပါတယ်။ မလွတ်လပ်သေးခင်တုန်းက လွတ်လပ်အောင် ကြိုးပမ်းခဲ့ရတာတွေရှိတယ်။ ဘာသာရပ်ဆိုင်ရာ၊ တိုင်းရင်းသားဆိုင်ရာ၊ လူမှုရေးအဖွဲ့အစည်းတွေအားလုံး ရှိပါတယ်။ သူ့စည်းသူ့ကမ်းနဲ့ ဆန္ဒတွေသဘောထားတွေကို တင်ပြလို့ရပါတယ်။ ဒါတွေက နည်းဥပဒေတွေ၊ ပညာရပ်ဆိုင်ရာ ဥပဒေတွေမှာ ပါလာမှာပါ။ ဒီအမျိုးသားပညာရေး ဥပဒေမှာ သဘောလောက်ပဲ ပါသေးတယ်။ နောက်ထပ်ပေါ်လာမယ့်နည်းဥပဒေတွေမှာဆက်ပြီး အသေးစိတ်ပါလာမှာဖြစ်တယ်။ အားလုံးဖွင့်ထားပါတယ်။ ပိတ်ထားတာတစ်ခုမှမရှိပါဘူး။

ဘဏ္ဍာရေးခွဲဝေမှုမှာ တိုင်းပြည်ရဲ့ တိုးတက်လာတဲ့ စီးပွားရေးအခြေအနေအရပဲ ရာခိုင်နှုန်းအရသုံးစွဲရမှာ ဖြစ်တယ်။ ဂဏန်းနဲ့ အတိအကျ ပြောလို့မရဘူး။ နိုင်ငံ့အခြေအနေပေါ်မှာပဲမူတည်တယ်။ နိုင်ငံတကာမှာ ပညာရေးကို မြှင့်တင်ပြီဆိုရင်နိုင်ငံအစိုးရတင်မရဘူး၊ အားလုံးတက်ကြွစွာပါဝင်ဖို့ပဲလိုပါတယ်။

ပြင်ဆင်မယ်လို့လည်းပြောလို့မရဘူး၊ မပြင်ဘူးလို့လည်းပြောလို့မရဘူး။ ဒီဥပဒေက မကျင့်သုံးရသေးဘူး။ မပြင် မဆင်ရဘူးလို့ထားရမှာမဟုတ်ပါဘူး။ ပုဒ်မတွေအပေါ်မှာ ဘယ်လိုလုပ်ရင်အဆင်ပြေမယ်၊ ပြင်ချင်ရင်လည်း ဘယ်လိုပြင်ချင်တယ်ဆိုပြီး ဆွေးနွေးလို့ရတဲ့အကြောင်းဖြစ်ပါတယ်။

**ဒေါက်တာအောင်မင်း**
**ပါမောက္ခချုပ်**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

အမျိုးသားပညာရေးဥပဒေက ကျွန်တော်တို့ပြင်ဆင်ခွင့်မရှိပါဘူး။ ပြင်ဆင်ဖြည့်စွက်၊ အစားထိုး၊ ပြဋ္ဌာန်းတာတွေဟာ လွှတ်တော်မှာ ဆွေးနွေးရမှာဖြစ်ပါတယ်။ လာရောက်ဆွေးနွေးဖို့ အားလုံးကိုဖိတ်ခေါ်ပါတယ်။ ဒီဖိတ်ခေါ်ချက်က ဆက်လုပ်ဖို့ဖြစ်ပါတယ်။ လူတိုင်းပါဝင်ရမှာဖြစ်ပါတယ်။ ပညာနဲ့သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ကို ဆောင်ရွက်ကြဖို့ ရည်ရွယ်ရင်းကိုသာ ရှေးရှုကြဖို့ဖြစ်ပါတယ်။ အတည်ပြုပြီးဖြစ်တဲ့ အမျိုးသားဥပဒေကို ကန့်ကွက်နေတာဟာ ရှေ့ဆက်လှမ်းဖို့ အဟန့်အတားဖြစ်စေတယ်လို့ သုံးသပ်မိပါတယ်။ အကုန်လုံးကို တံခါးဖွင့်ထားပါတယ်။ ကြိုက်တဲ့ရှုထောင့်ကနေ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ချစ်ချစ်**
**ဥပဒေပညာပါမောက္ခ**
**ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်**

နည်းဥပဒေနဲ့ ပတ်သက်လို့ ကမ္ဘာ့နိုင်ငံများရဲ့ အမျိုးသားပညာရေးဥပဒေအပေါ် လေ့လာပြီး ဥပဒေဆိုင်ရာ အချက်အလက်များကိုရေးဆွဲရပါတယ်။ ဆွေးနွေးပွဲမှာ အားလုံးပါဝင်ဆွေးနွေးခဲ့သော်လည်း ဥပဒေနဲ့ ပတ်သက်ပြီး Authorized Person က လွှတ်တော်များပဲ ဖြစ်ပါတယ်။ ယခုဥပဒေက Policy Law ပဲဖြစ်ပြီး တစ်လလောက်အတွင်း နည်းဥပဒေတွေကို ပြည်သူကို ချပြနိုင်လိမ့်မယ်လို့ထင်ပါတယ်။ အဓိက အတည်ပြုတာဟာ ပြည်ထောင်စုလွှတ်တော်ဖြစ်ပါတယ်။

**ဒေါက်တာ ခင်နိုင်ဦး**
**တာဝန်ခံပါမောက္ခချုပ်**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

ဘဏ္ဍာရေးတစ်ခုကို အာမခံပေးဖို့ အဖွဲ့အစည်းလိုပါတယ်။ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်သေးတဲ့အတွက် ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ အားလုံးနားလည်လာရင် ဒါတွေက ပြေလည်သွားမယ့်ကိစ္စဖြစ်ပါတယ်။ ပဋိညာဉ်တွေကဏ္ဍအသီးသီးအတွက် ဥပဒေတွေဆက်လုပ်ပြီးရင် အားလုံးပါဝင်လာမှာ ဖြစ်ပါတယ်။

**ဒေါက်တာခိုင်မြ**
**ပါမောက္ခချုပ်**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

အားလုံးအတွက် ပညာရေးဆိုတာရယ်၊ ပညာရေးမှာ အားလုံးပါဝင်ရမယ်ဆိုတဲ့ အချက်ရယ်ကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးခဲ့တဲ့သူတွေ ရှိပါတယ်။ ကန့်ကွက်သူတွေလည်းရှိခဲ့ပါတယ်။ ဆန္ဒပြပြီး တောင်းဆိုနေသူတွေဟာ ယခင်ဆွေးနွေးပွဲမှာ ပါဝင်ခဲ့ပြီးသူများဖြစ်ပါတယ်။ အများသဘောတူတာ၊ နိုင်ငံတော်ရဲ့ပကတိ အခြေအနေစတဲ့ အချက်တွေနဲ့ တိုင်းတာပြီး ဥပဒေကို ရေးဆွဲရတာဖြစ်တဲ့အတွက် ကန့်ကွက်ထားတာတွေပါတာ၊ မပါတာကို ပြောလို့မရပါဘူး။

ဒီမိုကရေစီစနစ်အရ ပညာရေးအရ ဆက်နွှယ်တဲ့သူတွေအားလုံးကိုယ်စား ပကတိအခြေအနေကို တင်ပြဆွေးနွေးခြင်းပဲဖြစ်ပါတယ်။ ဒီလိုလုပ်ခဲ့တယ်၊ ဒီလိုအမျိုးသားပညာရေး ဥပဒေ အကောင်းဆုံးပြင်ဆင်ထားတယ်ဆိုတယ်လို့ပြောလိုခြင်းဖြစ်ပါ တယ်။ အကောင်းဆုံးလို့ဆိုခြင်းမှာ ပြင်လို့မရခြင်းလို့ ပြောဆိုခြင်းမဟုတ်ပါဘူး။ ရွှေတံခါးဖွင့်တဲ့ ဥပဒေပဲဖြစ်ပါတယ်။ ဘယ်လိုသွားမယ်၊ ဘယ်လမ်းနဲ့သွားမယ်ဆိုတာတွေကို လမ်းမဖောက်ရသေးဘူး၊ မဖောက်ရသေးတဲ့ လမ်းကို မှားနေတယ်လို့ မပြောသင့်ပါဘူး။

လုပ်ချင်တာတွေပြောတယ်၊ တောင်းဆိုနေတဲ့ ကိစ္စတွေကို ဥပဒေနဲ့အညီလုပ်ပေးရမှာဖြစ်တယ်။ တွေ့ဆုံခွင့်တောင်းနေတယ်။ သားသမီးတွေကို မိဘကပြောသလို ပြောကြားခဲ့ပြီး ပြောလိုတာကို ညင်ညင်သာသာပြောဆိုဖို့ ပြောခဲ့ပါတယ်။ တက္ကသိုလ်ပဋိညာဉ်စာတမ်းအရ အားလုံးပါဝင်လိုတဲ့ဆန္ဒတွေကို ဆွေးနွေးကြရမှာဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း**
**နိုင်ငံတကာကျွမ်းကျင်ပညာရှင်**
**သင်ရိုးအကြံပေး**

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း CESRအမျိုးသားပညာရေးဥပဒေရေးဆွဲတဲ့နေရာမှာ ပါဝင်ခဲ့ပါတယ်၊ ဥပဒေရေးဆွဲနေစဉ်မှာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းနဲ့ဖြစ်စေ၊ လူကိုယ်တိုင်၊ စာနဲ့ဖြစ်စေ အီးမေးလ်နဲ့ဖြစ်စေ ပါဝင်ဆွေးနွေးတဲ့အကြံပြုချက်တွေအားလုံး မှတ်တမ်းတင်ထားတဲ့ဖိုင်တွေရှိပါတယ်။ အဲဒီမှတ်တမ်းတွေအပေါ်မူတည်ပြီး ဒီဥပဒေအပေါ် ဘာတွေလုပ်မယ်၊ ဘာတွေဖွင့်ဆိုမယ်ဆိုတာကအစ နိုင်ငံတကာမှာ ဘယ်လိုလုပ်ကြမယ်ဆိုတာ အားလုံးဆွေးနွေးပြီးရေးထားကြတာ ဖြစ်ပါတယ်။

နောင်လာမယ့် ၁၅ နှစ်၊ နှစ် ၂၀ မှာ တို့နိုင်ငံမှာ ဘယ်လိုပညာတတ်တွေ ပေါ်ထွန်းလာစေချင်သလဲဆိုတဲ့ အမေးမျိုးကို ကိုယ့်ကိုယ်ကိုယ်မေးပြီး နိုင်ငံတကာမှာ ပညာရေးရည်မှန်းချက်တွေ ဘယ်လိုချသလဲ၊ လူ့စွမ်းအားအရင်းအမြစ်တွေကို ဘယ်လိုတိုးတက်လာစေချင်လဲဆိုတာတွေပါ လေ့လာပြီး ရေရှည်တည်တံ့နိုင်မယ့် ဖွံ့ဖြိုးမှုကို ဆောင်ယူသွားနိုင်မယ့် ပညာတတ်တွေဖြစ်အောင် ရေးထားတာဖြစ်ပါတယ်။ စိတ်ကြံ့ခိုင်မှုအပြင် ကိုယ်လက်ကြံ့ခိုင်ဖို့(Sound Mind in a Sound Body) ဖြစ်ဖို့ကိုပါ ရှေးရှုထားတာတွေပါပါတယ်။ အဲဒီနှစ်ချက်နဲ့လည်း ပြည့်စုံအောင် လုပ်ထားပါတယ်။

ပညာရေးမှာ အရေးကြီးတဲ့ ညီတူညီမျှရှိဖို့၊ တရားမျှတဖို့လည်း ကြိုးစားထားတာဖြစ်ပါတယ်။ ပညာရေးဟာ အရည်အသွေးအာမခံမှုရှိနေမယ်။ ပညာရေးဟာ အာဆီယံအဆင့်နဲ့လည်း ယှဉ်နိုင်ရမယ်။ နိုင်ငံတကာတက္ကသိုလ်တွေနဲ့လည်း ကူးလူးဆက်သွယ်နိုင်ရမယ်။ ဒါတွေကို ကြိုးစားပြီးဆောင်ရွက်ထားတယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတိုးတက်အောင်လုပ်နေတဲ့အချိန်မှာ ဘာလုပ်လုပ်စည်းလုံးကြပါ။ ကိုယ့်ကိုယ်ကိုယ်လေးစားမှုနဲ့ နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှုရှိပြီး စည်းစည်းလုံးလုံးဝိုင်းဝန်းလုပ်ကြပါလို့ ပြောချင်ပါတယ်။ ။

# ရှမ်းသက္ကရာဇ် ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၈**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ကျရောက်မည့် ရှမ်းသက္ကရာဇ် ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ် ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှမ်းလူငယ်များအသင်း (Shan Youth Organization-SYO) မှ ကိန္နရီ၊ ကိန္နရာ၊ တိုးနယား အကများဖြင့် ကပြဖျော်ဖြေကာ မင်္ဂလာယူပြီးနောက် အလှူရှင်များက အဆိုပါကပြဖျော်ဖြေပေးသော အကအဖွဲ့အား အသီးသီးဆုချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသား မိဘပြည်သူများနှင့် ရှမ်းတိုင်းရင်းသား အကအဖွဲ့များသည် ခင်းကျင်းပြသထားသည့် သမိုင်းဝင်ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ အဆိုပါ ရှမ်းသက္ကရာဇ် ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်အား နိုဝင်ဘာ ၁၈ ရက် မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်အာကာ (ကျောက်တလုံး)**





# လိုချင်သူများပြားဆဲဖြစ်သည့် MPT ဆင်းကတ်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ MPT ဆင်းကတ်များကို ရန်ကုန်စာတိုက်ကြီး၌ နိုဝင်ဘာ ၁၄ ရက်မှစ၍ ရောင်းချပေးလျက်ရှိရာ ဝယ်ယူလိုသူများပြားနေကြောင်း သိရသည်။

"ဆင်းကတ်ဝယ်ချင်ရင် တိုကင်အရင်ယူရတယ်။ မနက် ၇ နာရီခွဲက စပေးတာ၊ တိုကင်ရပြီးသားဆိုရင် မနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ရောင်းချပေးတယ်။ တိုကင်လာတန်းစီရင်လည်း မှတ်ပုံတင်မိတ္တူကော မူရင်းကောယူလာရမယ်။ တကယ်လာဝယ်လို့ရှိရင် လူနဲ့ မှတ်ပုံတင်တခြားစီဖြစ်နေမှာစိုးလို့ပါ၊ ပြီးခဲ့တဲ့ သောကြာနေ့ကမှ စရောင်းတာဆိုတော့ ဝယ်တဲ့သူများနေတယ်၊ တစ်နေ့ကို ဆင်းကတ် ၁၅၀ ရောင်းပေးနေတာပါ"ဟု ရန်ကုန်စာတိုက်ကြီး MPT ဆင်းကတ်အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်မက အခုလောလောဆယ်တော့ တစ်မိနစ်ကိုပြောခ ၂၅ ကျပ်ကျတဲ့ Telenor သုံးနေတာ၊ MPT ကလည်း နောက်လဆိုရင် ဈေးချပေးမယ်ပြောသံကြားလို့ MPT ဆင်းကတ်ကို လာဝယ်တာပါ၊ တိုကင်ကြိုတင်ယူထားမှရမယ်လို့ပြောတယ်" ဟု MPT ဆင်းကတ် လာရောက်ဝယ်ယူသူတစ်ဦးက ပြောကြားသည်။

"ကျွန်မက နံနက် ၈ နာရီကလာတာ၊ တိုကင်မရပါဘူး၊ MPT ဆင်းကတ်ကိုပဲ သုံးချင်လို့ပါ"ဟု ဆင်းကတ်ဝယ်ယူချင်သူ တစ်ဦး၏ ပြောကြားသံကို ကြားခဲ့ရသည်။

MPT ဆင်းကတ်ကို အစိုးရရုံးပိတ်ရက်မှလွဲ၍ နေ့စဉ် ဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ရန်ကုန်စာတိုက်ကြီး၌ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ လာရောက်ဝယ်ယူရာတွင်ပဲဖြစ်ဖြစ် တိုကင်လာရောက်ယူရာတွင်ပဲဖြစ်ဖြစ် မှတ်ပုံတင်မူရင်းနှင့် မိတ္တူတို့ ယူလာရန်လိုအပ်ကြောင်း သိရသည်။ **(ခင်ချိုဝင်း)**

# မကွေးမြို့ အထက(၂) ကင်းထောက်ကျောင်းသား ကျောင်းသူများ လူမှုရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**မကွေး နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အထက(၂)မှ ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူကင်းထောက်များသည် မကွေးမြို့နယ်ရှိ ကျောင်းအခမ်းအနားများနှင့် လူမှုရေးဆိုင်ရာအခမ်းအနားများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အထက(၂) မကွေးမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မွန်ဦး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကင်းထောက်အဖွဲ့ဝင် ဆရာ ဆရာမများ ကြီးကြပ်၍ မကွေးမြို့ပေါ်ရှိ ကျောင်းအခမ်းအနားများ၊ မကွေးမြို့ရှိ ဖန်ခါးမြေ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား စောင့်ရှောက်ကူညီပေးခြင်း၊ ကမ္ဘာ့ဆရာများနေ့တွင် ဆရာကြီး ဆရာမကြီးတို့အား စောင့်ရှောက်ကူညီပေးခြင်းတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ခင်သန်းဦး(ဖန်ခါးမြေ)**

# ယာဉ်နှစ်ထပ်ရပ်သော မန္တလေး

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့ လူစည်ကားရာလမ်းများတွင် ယာဉ်နှစ်ထပ်မရပ်ရန် တားမြစ်ထားသော်လည်း နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက (၈၄) လမ်း (၂၈)×(၂၉)လမ်းကြားတို့တွင် ယာဉ်နှစ်ထပ်ရပ်နားနေသည်ကို ပုံပါအတိုင်း တွေ့ရသည်။

မန္တလေးတွင် ယာဉ်စည်းကမ်းလိုက်နာရန် တစ်လမ်းမောင်း၊ နှစ်လမ်းမောင်းဖြင့် ယာဉ်ထိန်းသိမ်းနေရာ လူစည်ကားလမ်းများ၌ ယခုတိုင် ယာဉ်နှစ်ထပ်ရပ်နားနေကြသည်ကို ဝမ်းနည်းဖွယ်တွေ့ရသည်။ **(ဌေးမြင့်မောင်)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများ၏ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ညောင်တုန်း နိုဝင်ဘာ ၁၈**

အမျိုးသားရည်မှန်းချက်တစ်ခုဖြစ်သည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မြစိမ်းရောင်စီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စက္ကော့တောင်ကျေးရွာအုပ်စု စက္ကော့ရွာမကျေးရွာတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအား ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများက နိုဝင်ဘာ ၁၄ ရက် နံနက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပွားစေရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်တို့ကို ရည်ရွယ်၍ ကျေးရွာသူ ကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်နိုင်မှုရှိသည့် ကျေးရွာများကို ပွင့်လင်းမြင်သာစွာဖြင့် ရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၇၆)**

**❂ ကျောဖုံးမှ**

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ AWGESC working group ပေါ့၊ အဲဒီ group မှာ တာဝန်ခံပေါ့၊ ရန်ကုန်မြို့အတွက် ဆုရတာကလည်း ထိုင်းနိုင်ငံဖူးခက်မြို့မှာ ပြိုင်ခဲ့တာပါ။ ဆုလည်းသွားယူပြီးပါပြီ" ဟု ဆိုသည်။

အဆိုပါ တတိယအကြိမ်မြောက် ASEAN ESC Award ဆုအတွက် မြန်မာနိုင်ငံကိုယ်စားပြု တင်သွင်းမည့် မြို့အမည်ရွေးချယ်နိုင်ရန် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ရာ မူလလျာထားခဲ့သော နေပြည်တော်၊ ရန်ကုန်၊ ပုသိမ်၊ မုံရွာနှင့် မော်လမြိုင်မြို့များအနက် ရန်ကုန်မြို့အား ရွေးချယ်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း၌ ကျင်းပသည့် The 3rd ASEAN ESC Award ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တက်ရောက်နိုင်ခဲ့ခြင်း မရှိသောကြောင့် မြန်မာနိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က လာအိုနိုင်ငံ Vientiane မြို့၌ အောက်တိုဘာ ၃၀ ရက်က ကျင်းပသည့် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကိုယ်စား လက်ခံရယူခဲ့ကာ နိုဝင်ဘာ ၁၇ ရက်က ရန်ကုန်မြို့တော်ဝန်အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ASEAN ESC Award ဆုအတွက် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်မှ စတင်ယှဉ်ပြိုင်ပါဝင်ခဲ့သော မြန်မာနိုင်ငံမှ ပထမအကြိမ်မြောက် ASEAN ESC Award ဆုကို ၂၀၀၈ ခုနှစ်က တောင်ကြီးမြို့က လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ASEAN ESC Award ဆုကို ပြင်ဦးလွင်မြို့က နှစ်သိမ့်ဆုအဖြစ်လည်းကောင်း၊ ယခု ၂၀၁၄ ခုနှစ်အတွက် တတိယအကြိမ်မြောက် ASEAN ESC Award ဆုကို ရန်ကုန်မြို့ကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**(စိုးဝင်း-MLA)**

**❖ ချင်းပြည်နယ်မှ**

အာလွယ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ချယ်ရီနဲ့ တောင်ဇလပ်တွေက နှစ်စဉ်ဒီဇင်ဘာနဲ့ နှစ်ဆန်းပိုင်းမှာ ပွင့်တာ၊ လမ်းဘေးအပင်ကြီးတွေမှာ ပွင့်နေတဲ့ ချယ်ရီ၊ တောင်ဇလပ်ပန်းတွေကို ခရီးသွားတွေက အမှတ်တရဆိုပြီး ကိုင်းခုတ်တယ်၊ ချိုးတယ်၊ ခူးပြီးရင်လည်း ပန်းမန်တွေက ကလေးမြို့အပူပိုင်းဒေသကို ရောက်တာနဲ့ သိပ်မကြာဘူး၊ ညှိုးနွမ်းသွားတယ်။ ချင်းပြည်နယ်အလှက ချယ်ရီနဲ့ တောင်ဇလပ်ပန်းပဲရှိတာ၊ ချင်းပြည်နယ်ကို ပြည်တွင်း ပြည်ပခရီးသွားတွေ လာခွင့်ပြုပြီဆိုတော့ သဘာဝအလှအပနဲ့ ရှုခင်းကောင်းကောင်းကြည့်နိုင်မယ့် နေရာက ကနေဒီတောင်ကြောတစ်ခုပဲရှိတယ်"ဟု ကနေဒီတောင်စိမ်းလန်းစိုပြည်ရေးအဖွဲ့ အတွင်းရေးမှူး ဦးထန်စွမ်းမုန်က ပြောသည်။

ယင်းကဲ့သို့ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အမြင့် ၈၈၇၁ ပေရှိသော ကနေဒီတောင်သည် ချင်းပြည်နယ် (မြောက်ပိုင်း)တွင် အမြင့်ဆုံးဖြစ်ကာ ဒေသအလှကို အကောင်းဆုံးမြင်တွေ့နိုင်သည့်နေရာဖြစ်သဖြင့် ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုနိုင်သည့် ဒေသဖြစ်ကြောင်း၊ ယခုအခါ ချင်းတောင်ပေါ်တွင် တစ်နှစ်ထက်တစ်နှစ် သစ်တောသစ်ပင်များ ခုတ်ထွင်နေမှုကြောင့် ပြုန်းတီးလာပြီး ရာသီဥတုဖောက်ပြန်လာကြောင်း၊ တောင်ဇလပ်ပင်များခုတ်ယူမှုတို့ကို တားဆီးကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကနေဒီတောင်စိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငင့်ရှင်းခွာလ်(ခ) ဦးလှိုင်အောင်က ပြောသည်။

ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်အာရုံကိုဆွဲဆောင်နိုင်သည့် သဘာဝအခြေခံခရီးသွားဒေသတစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ ဒေသသာယာလှပရေးအတွက် ၂၀၁၂ ခုနှစ်မှစတင်ကာ ကနေဒီတောင်စိမ်းလန်းစိုပြည်ရေးအဖွဲ့ ဖွဲ့စည်းပြီး အာလွယ်ကျေးရွာတွင်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ချယ်ရီ၊ ခါတော်မီ၊ ထင်းရှူး စသည့် အပင်ပေါင်းနှစ်သောင်းရှိ ကေနှစ်ကေကို ကနေဒီဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံများ၏ ဘဝနေထိုင်မှုလိုအပ်ချက်အတွက် သစ်တောပြုန်းတီးမှုဖြစ်ပေါ်နေသည့် နေရာများတွင် ပြန်လည်ပျိုးထောင်စိုက်ပျိုးခြင်းနှင့် လှုံ့ဆော်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ချယ်ရီနှင့် တောင်ဇလပ် သစ်ပင်ပန်းမန်များ ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဇိုဟောဆာ)**

# မြေယာဥပဒေ ခေတ်နှင့်အညီဖြစ်စေရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

သစ်တောမြေ၊ မြေလွတ်မြေရိုင်းများ၊ အခြားမြေများအတွင်းမှာ တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်လုပ်ကိုင်ရာမှ လက်ငုတ်လက်ရင်း ပိုင်ဆိုင်ခဲ့သကဲ့သို့ဖြစ်လာပြီး မြေယာပြဿနာများပေါ်ပေါက်လာရာမှ အစိုးရ စီမံခန့်ခွဲမှု အခက်အခဲရှိလာရမှုများ ဖြေရှင်းနိုင်ရန်နှင့် လယ်ယာမြေများ၊ နှစ်ရှည်စိုက်ခင်းများ၊ စက်မှုလုပ်ငန်းများနှင့် သစ်တောသဘာဝပတ်ဝန်းကျင်မှစ၍ လူမှုကိစ္စအဝဝနှင့် ဆက်စပ်မှုရှိသော မြေယာနှင့် ပတ်သက်သည့် ကဏ္ဍများအလိုက် စနစ်တကျစီမံခန့်ခွဲနိုင်ရေး၊ မြေယာအငြင်းပွားမှုပြဿနာများ ဖြေရှင်းနိုင်ရေး၊ မြေယာဥပဒေခေတ်နှင့်အညီ ဖြစ်စေရေးတို့ပါဝင်သော အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။**(ယာပုံ)**

အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)နှင့် ပတ်သက်သည့် အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ရှင်းလင်းပြောကြားခဲ့ရာတွင် အားလုံးပါဝင်ဆောင်ရွက်သည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို ရေးဆွဲနိုင်စေရန်၊ မြန်မာနိုင်ငံသားတို့၏ အသိအမှတ်ပြုမှုဖြင့် ရေးဆွဲထားသည့် မြေအသုံးချမှုမူဝါဒ ဖြစ်စေရန်၊ ပတ်ဝန်းကျင်တိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေနိုင်သည့် အလားအလာကောင်းများကို တိုးတက်ဖြစ်ထွန်းစေရန်၊ ပတ်ဝန်းကျင်ရာသီဥတုလျော့ပါးသက်သာစေခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရန် စသည့် ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေးဆွဲပြီး အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)အပေါ် အများပြည်သူတို့ တွင်တွင်ကျယ်ကျယ်သိရှိပြီး ပါဝင်သုံးသပ်အကြံပြုနိုင်ရန်အတွက် ယခုကဲ့သို့ ပြည်သူများပါဝင်သော အကြံပြုဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲများမှ ရရှိလာသောအချက်အလက်များ၊ အကြံပြုချက်များကိုအခြေခံကာ အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)ကို ပြန်လည်ပြင်ဆင်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ မြို့နယ်ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများနှင့် မီဒီယာများ တက်ရောက်ကြသည်။

**သတင်း-နိုင်လင်းကြည်(ကြေးမုံ)**
**ဓာတ်ပုံ-ကိုကိုနေ(ကြေးမုံ)**

## အချိန်အခါမဟုတ်မိုးရွာနိုင်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် လယ်ယာကဏ္ဍထိခိုက်မှုမရှိစေရန် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကူညီထောက်ပံ့ပေးရန်လိုအပ်

လက်ရှိမြန်မာနိုင်ငံတွင် ပွင့်လင်းရာသီကာလရောက်ရှိနေပြီဖြစ်သော်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ခြင်း၊ ထပ်မံရွာသွန်းရန်ရှိခြင်းနှင့် ရာသီဥတု ဖောက်ပြန်မှုများကြောင့် လယ်ယာကဏ္ဍတွင် ထိခိုက်ဆုံးရှုံးမှုများမဖြစ်စေရန်အတွက် သီးနှံများ ရိတ်သိမ်းရာတွင် ရိတ်သိမ်းချိန်လွန် နည်းပညာများကို လယ်သမားများထံ ကူညီထောက်ပံ့ပေးရန် လိုအပ်သည်ဟု စိုက်ပျိုးရေးသုတေသီများက ဆိုသည်။

ပြီးခဲ့သည့်လနှင့် ယခုလအတွင်း ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင် မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး မိုးကြီးခြင်းကြောင့်ရိတ်သိမ်းချိန်သီးနှံများ ဆုံးရှုံးပျက်စီးမှု များစွာဖြစ်ပေါ်ခဲ့ရသည်ဟု သိရသည်။ အချို့ရိတ်သိမ်းနေဆဲ၊ ရိတ်သိမ်းရမည့် သီးနှံတို့မှာလည်း မိုးရေစိုမှုကြောင့် ခေတ်မီ ရိတ်သိမ်းချိန်လွန်နည်းပညာများကို အသုံးပြုရန်လိုအပ်ပြီး ဆန်စပါးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်ရာဌာနများမှ တောင်သူများထံသို့ခေတ်မီရိတ်သိမ်းချိန်လွန်နည်းပညာများ၊ ခေတ်မီ ရိတ်သိမ်း ခြွေလှေ့စက်များ၊ အခြောက်ခံစက်များ၊ သီးနှံလေလုံအိတ်များ ဖြန့်ဖြူးပေးရန်၊ ထောက်ပံ့ပေးရန် သို့မဟုတ် အရစ်ကျစနစ်ဖြင့် ရောင်းချပေးရန်တို့ဖြင့် ကူညီထောက်ပံ့ရန်လိုအပ်နေသည်ဟု စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများထံမှ သိရသည်။

ယခု လအတွင်းတွင်လည်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းအနည်းဆုံး နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီးမုန်တိုင်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလျက်ရှိခြင်းကြောင့် လက်ရှိမိုးစပါးများ ရိတ်သိမ်းချိန်တွင် ထိခိုက်လေလွင့်ဆုံးရှုံးမှုများ မဖြစ်စေရန် အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ခြင်းကြောင့် အခြေခံလူတန်းစားတောင်သူများ အဆင်ပြေစေရေးနှင့် သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုများမဖြစ်စေရန် ရိတ်သိမ်းချိန်လွန် နည်းပညာများအသုံးပြုရန်နှင့် အသုံးပြုနိုင်ရန်အတွက် ပံ့ပိုးကူညီမှုများ လိုအပ်ကြောင်း သိရသည်။

"လယ်ယာကဏ္ဍက ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ မိရိုးဖလာနည်းတွေအစား ခေတ်မီစိုက်ပျိုး နည်းစနစ်တွေ၊ ခေတ်မီရိတ်သိမ်းချိန်လွန် နည်းပညာတွေ အသုံးပြုနိုင်ဖို့ လိုအပ်ပါတယ်။လယ်ယာကဏ္ဍမှာ လယ်ယာလုပ်သားရှားပါးလာတဲ့အတွက်ကြောင့်လည်း ခေတ်မီစက်တွေ ပိုမိုအသုံးပြုနိုင်ဖို့ လိုအပ်ပါတယ်။ သဘာဝဘေးကြောင့် ထိခိုက်ပြီဆိုရင်တောင်သူတွေအနေနဲ့ ပြန်နာလန်ထဖို့ မလွယ်ပါဘူး။ ငွေချေးပေးရုံမဟုတ်ဘဲ သွင်းအားစုတွေ ထောက်ပံ့တာ၊ နည်းပညာတွေ ထောက်ပံ့တာမျိုး၊ ခေတ်မီစက်တွေကို မဝယ်နိုင်တဲ့အတွက် သက်သက်သာသာနဲ့ ငှားပေးတာမျိုးတွေကို ထောက်ပံ့ပေးမယ်ဆိုရင် ပိုထိရောက်မှာပါ။ ဒီကဏ္ဍက တစ်နှစ်ထက်တစ်နှစ် ပိုပြီးတိုးတက်လာဖို့ပဲ လိုပါတယ်"ဟု ဆန်စပါးသုတေသီတစ်ဦးက မှတ်ချက်ပြုသည်။

**(ဝဝ၁)**

Pleasant Times
Travels & Tours Co.,Ltd

Travel & Tours
( USD 3800 )
(Promotion Trip)

## ကျောက်မျက်ရတနာလုပ်ငန်းရှင်များသို့ ဖိတ်ကြားခြင်း

ကျောက်မျက်သယံဇာတဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ရန် အများပိုင်ဘဏ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအားလုံး တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) ကျင်းပမည့်နေ့ရက် - ၂၅-၁၁-၂၀၁၄ရက်
(၂) ကျင်းပမည့်အချိန် - မွန်းလွဲ (၁၄:၀၀) နာရီ
(၃) ကျင်းပမည့်နေရာ - မဏိရတနာခန်းမ
နေပြည်တော်

အများပိုင်ဘဏ်ဖြစ်မြောက်ရေးကော်မတီ

သင့်သွေးဖြင့်အသက်ကယ်ပါ

# မော်လမြိုင်ကျွန်းမြို့နယ် အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်း ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်

**မော်လမြိုင်ကျွန်း၊ နိုဝင်ဘာ ၁၈**

မော်လမြိုင်ကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က အနီးကပ်ကြီးကြပ်ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောက်လုပ်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက်ထိ ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။



အဆိုပါ မော်လမြိုင်ကျွန်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းအား ယခုလာမည့် ပွင့်လင်းရာသီတွင် ဖွင့်လှစ်နိုင်ရေးအတွက် တည်ဆောက်မှု အချောသပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအဝေးပြေး ယာဉ်ရပ်နားစခန်း ကားကြီးဝင်းအား မော်လမြိုင်ကျွန်းမြို့အဝင် ရာဇူဒိုင်တံတားအမှတ် (၂) အနီး တည်ဆောက်လျက်ရှိရာ ကားကြီးဝင်းမှာ သုံးဧကခန့်ကျယ်ဝန်းပြီး အလျား ၆၅၄ ပေ၊ အနံ ပေ ၁၈၀ရှိမြေပေါ်တွင်တည်ဆောက်ထားသည်။

ကားကြီးဝင်းအတွင်းတွင် အလျား ၁၅ ပေ၊ အနံ ၃၄ ပေရှိ အာစီတစ်ထပ်ခွဲအဆောင်သုံးဆောင်၊ ဂိတ်ခန်းရှစ်ခန်းတွဲအဆောင်နှစ်ဆောင်၊ ယာဉ်ရပ်နားရန်နေရာ၊ လူနေဆိုင်ခန်းများ၊ ခရီးသည်နားနေဆောင်များ၊ ကားပါကင်များနှင့် ဂိတ်ခန်းများပါဝင်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ဒဟတ္တန်းစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းနိုင်ရေး ကျေးရွာမီးလင်းရေးကော်မတီသို့ အလှူငွေများလှူဒါန်း

**မိတ္ထီလာ၊ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကွက်ငယ်အုပ်စု ဒဟတ္တန်းစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ကျေးရွာမီးလင်းရေးကော်မတီသို့ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ဒက္ခိဏာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥတ္တမက အလှူငွေများကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ဒဟတ္တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒဟတ္တန်းစံပြကျေးရွာတွင် ကျေးရွာလျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဒဟတ္တန်းစံပြကျေးရွာ ရွာဦးကျောင်းဆရာတော် သံဃာတော်များက ဦးဆောင်ပြီး ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်း၍ ကျေးရွာအတွင်းရှိ အိမ်ခြေ ၅၀၀ အား တစ်အိမ်လျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် လစဉ်ကောက်ခံလျက်ရှိသည်။

ယင်းသို့ ကျေးရွာလျှပ်စစ်မီးလင်းနိုင်ရေးအတွက် ငွေများကောက်ခံလျက်ရှိသော်လည်း ရာသီဥတုကောင်းမွန်ခြင်းမရှိသည့်အတွက် ငွေကြေးများအခက်အခဲများရှိ၍ ကောက်ခံနိုင်ခြင်းမရှိဘဲ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ စတင်ရန်အတွက် နှောင့်နှေးကြန့်ကြာလျက်ရှိသည်။ ယခုဆိုလျှင် လျှပ်စစ်မီးတိုင်များ ကျေးရွာသို့ ရောက်ရှိသော်လည်း တိုင်များစိုက်ထူနိုင်ခြင်းမရှိသည့်အတွက် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ကျေးရွာမီးလင်းနိုင်ရေးကော်မတီထံသို့ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ဒက္ခိဏာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥတ္တမက ငွေကျပ်တစ်ဆယ့်နှစ်သိန်းတိတိကို လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာတွင် ဓမ္မစကူးလ်အပတ်စဉ်သင်တန်းကျောင်း ဖွင့်ပွဲကျင်းပ

**ချောင်းဦး၊ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၊ ကျောင်းသစ်ကျောင်း၌ ဓမ္မစကူးလ်အပတ်စဉ်သင်တန်းကျောင်းဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မုံရွာမြို့ ရန်ကင်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသ (ဒွိပိဋက) မထေရ်မြတ်နှင့် ချောင်းဦးမြို့နယ်မှ ဖိတ်ကြားထားသည့် ဆရာတော်ကြီးများ၊ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မုံရွာမြို့ ရန်ကင်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသ (ဒွိပိဋက) မထေရ်မြတ်ထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူပြီး ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများမှ ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဓမ္မစကူးလ်သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၃၇၀ နှင့် ဆရာ၊ ဆရာမ ငါးဦးတို့က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပို့ချသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ကျီကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်လင်းက ဓမ္မစကူးလ်ဖွင့်လှစ်ရသည့်အတွက် ကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများ ဘာသာရေး၊ သာသနာရေးအတွက် အထူးပင်စိတ်ဝင်စားမှုများ ရှိလာမည်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်းပြောသည်။

**အိအိစိုး(ပြန်/ဆက်)**

# သမဝါယမဘဏ်လီမိတက် နှစ်ပတ်လည်စည်းဝေး

**နေပြည်တော်၊ နိုဝင်ဘာ ၁၈**

သမဝါယမဘဏ်လီမိတက်(အများနှင့်သက်ဆိုင်သောဘဏ်ကုမ္ပဏီလီမိတက်)၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာရှင်များနှင့် တွေ့ဆုံကျင်းပသည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို နိုဝင်ဘာ ၁၇ နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် E-Banking စနစ်များကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ဆက်သွယ်ခြင်းလုပ်ငန်းများကို ယမန်နှစ်မှ စတင်လုပ်ကိုင်လျက်ရှိကြောင်း၊ ထိုစနစ်ကိုအခြေခံသည့် ဝန်ဆောင်မှုအသစ်ဖြစ်သော ATM, MPU Easi Smart Card, Visa, CUP, JCB Cash Withdrawal, Master Card POS, Easi Travel Master Card Issusing, e-Commerce တို့ကို အောင်မြင်စွာလုပ်ကိုင်လျက်ရှိကြောင်း သမဝါယမဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောကြားသွားသည်။

အဆိုပါဘဏ်သည် တစ်နိုင်ငံလုံးတွင် ATM အလုံး ၂၃၆ လုံး၊ Master ကတ်နှင့် Visa ကတ်အသုံးပြုနိုင်သည့် စက် ၉၉၁ လုံးရှိသည်။ အွန်လိုင်းမှ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်သည့် စက်များလည်းတပ်ဆင်ထားပြီးဖြစ်ကြောင်းသိရသည်။ အစည်းအဝေးတွင် ဘဏ်ဒုတိယဥက္ကဋ္ဌ ကရှင်းလင်းပြောကြားပြီး ဒါရိုက်တာအသစ်ခန့်အပ်ခြင်း၊ ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်းတို့အား အစုရှယ်ယာရှင်များက ရွေးချယ်ခန့်ထားပေးခဲ့ သည်။ အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာ စကားပြောကြားပြီး ဘဏ်အဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်(၂)၊ မြေကွက်အမှတ်-၁၅၅၊ ၁၅၆၊ မြေကွက်တည်နေရာအမှတ်(၁၅၅၊ ၁၅၆)၊ စက်မှုဇုန်(၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ Asia Myanmar Consortium Development Co.,Ltdအမည်ပေါက် စက်မှုလိုင်စင်မြေအား အမည်ပေါက်Asia Myanmar Consortium Development Co.,Ltd ကိုယ်စား(ဥက္ကဋ္ဌ)ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)မှ စက်မှုလိုင်စင်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက ခံချက်၊ ရဲစခန်းထောက်ခံ ချက်၊ ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ လိုင်စင်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5108၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ လူနေ ရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၈၂၉(က)၊ ပေ(၂၀×၆၀)အကျယ်မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၈၂၉၊ ရတနာပုံ(၂)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် ဟုခေါ်တွင်သည့် အဆောက်အအုံ အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်များနှင့် ဦးအောင်ကြိုင် အမည်ပေါက် မြေငှားဂရန်စာချုပ်မူရင်းတို့အား ပြသ၍ တရားဝင်ရောင်းချခွင့်ရှိသူ ဟုအဆိုပြုသူ ဒေါ်ဥမ္မာ[၁၂/သကတ(နိုင်)၀၂၅၁၇၀] ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးထား ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက ငွေချေလက်ရောက်ရယူ အပြီးသတ်စာချုပ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဒေါ်ကျော့ကျော့ဝေ | ဒေါ်တင်ဇာကျော် | ဒေါ်ခင်မျိုးအေး |
|---|---|---|
| **LL.B,D.B.L** | **LL.B,YUFL(Eng)** | **LL.B** |
| (စဉ်-၇၈၉၂) | (စဉ်-၄၄၁၁၆)(စဉ်-၄၄၅၈၁) | |

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ်(၂၀၃)၊ (၃)လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၄၊ မြေကွက်အမှတ်-၁၉၇၊ (၀. ၀၂၉)ဧက၊ မြေကွက်တည်နေရာအမှတ်-၈၁၊ ရတနာ(၃)လမ်း၊ ၁ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ နှစ်(၆၀)မြေငှားဂရန် (စီမံချက်ဂရန်) အမည်ပေါက် ဦးသန်းညွန့်မြေအား အမည်ပေါက်ဦးသန်းညွန့်(ဇနီး)ဒေါ်မြင့်တို့ကွယ်လွန်သဖြင့် ဦးဝင်းတင်(BGE-၀၁၂၄၄၁) ထံမှ (G.P)အမှတ်-၂၈၁၄၅/၁၆-၁၀-၂၀၁၄ဖြင့် ရရှိသူ ဒေါ်သန်းသန်းကြည်[၁၂/ကမရ(နိုင်)၀၃၈၂၆၄]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနထောက်ခံချက်များတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ်(၃၃၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၃၀/ခ)၊ သုမန(၁)လမ်း၊ ၅ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်သန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်သန်းအား အရောင်းစာချုပ်ရန် တရားစွဲဆိုခဲ့ရာ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၀၈/၂၀၁၄)ဖြင့် ဦးအောင်သန်းမှ ပဋိညာဉ်အတိုင်း မှတ်ပုံတင်ချုပ်ဆိုပေးရန် ဒေါ်ခိုင်ဇာဇာမင်းမှ တရားစွဲရရှိသည့် ၁၇-၉-၁၄ရက် စီရင်ချက်နှင့် အနိုင်ဒီကရီ ယင်းရုံး၏ ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်(၈၃) အမိန့်တို့တင်ပြပြီး တရားရုံးအမည်ပေါက် ဦးအောင်သန်းကိုယ်စား ဘီလစ်ဒေါ်တင်မေလွင်[၁၂/ဗဟန(နိုင်)၀၁၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၀၊ မြေကွက်အမှတ်(၂၈)၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ ပြည်ထောင်စုလမ်း၊ ၅၀ ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးသန်းဖေ(A/RGN-၀၀၇၄၃၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းဖေနှင့် ဇနီးဒေါ်ခင်ထွေးရီ ကွယ်လွန်သဖြင့် (၁)ဦးကြည်လွင်ဦး[၁၂/ဗတထ(နိုင်)၀၁၄၆၈၀]၊ (၂) ဒေါ်စိမ်းစိမ်းယု[၁၂/ဗတထ(နိုင်)၀၁၈၀၄၃]၊ (၃) ဦးလှကျော်[၁၂/ဗတထ(နိုင်)၀၁၅၇၀၂]၊ (၄) ဦးနေလင်းသန်း[၁၂/ဗတထ(နိုင်)၀၁၃၅၈၆] (၅) ဦးမျိုးအောင်သန်း[၁၂/ဗတထ(နိုင်)၀၁၈၂၆၀]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP-၁၄၇၀ ၁/၁၄(၃၀-၅-၂၀၁၄)နှင့်ကျမ်းကျိန်လွှာ(၁၃-၁၀-၂၀၁၄) တို့ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးမျိုးအောင်သန်း[၁၂/ဗတထ(နိုင်)၀၁၈၂၆၀]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# နှစ်ကိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီအပူဇော်ခံ

**ဘိုကလေး၊ နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၏ (၂၉) ကြိမ်မြောက် နှစ်ကိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံပွဲကို ဘိုကလေးမြို့နယ်တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တိုင်ကျင်းပခဲ့ကြောင်း သိရသည်။

နှစ်စဉ်သုံးရက်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ဘိုကလေးတံတားဆောက်လုပ်ပြီးစီးခြင်းကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နှစ်ရက်တိုးကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသို့ကျင်းပရာတွင် မြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်နှင့် ကွင်းဝိုင်း၊ သာပေါင်း၊ ကုလားကြီးချောင်း၊ ဘုရားချောင်းကျေးရွာတို့ပါဝင်ပြီး မြို့တွင်းမြို့ပြင်အနှံ့ ဒေသစာရီအလှည့်ကျအပူဇော်ခံပြီးနောက် မြို့၏တစ်ဖက်ကမ်းသာပေါင်းကျေးရွာနယ်စပ်အထိ ဘိုကလေး-သာပေါင်းမြစ်ကူးတံတားဖြစ်သော မြို့ကျက်သရေဆောင် ဘိုကလေးတံတားပေါ်တွင် တံတားဖွင့်ပွဲမကျင်းပမီ ကြိုတင်၍ဆရာတော်များက ရှေ့ဆုံးမှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြောင်းသိရသည်။

**မြင့်လွင်(ဘိုကလေး)**

# ကွတ်ချိုးနယ်မြေတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ



**လွိုင်လင်၊ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၊ ကွတ်ချိုးကျေးရွာ (ကွတ်ချိုးနယ်မြေ) ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်၊ နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာ ထရန်စဖော်မာအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ကွတ်ချိုးကျေးရွာ၏ မင်္ဂလာရှိသောနေ့ရက်ဖြစ်ပါကြောင်း၊ ကျေးရွာမီးလင်းရေးအတွက် မိမိတို့ကျေးရွာပြည်သူများ၏ ငွေများဖြင့် ဆောင်ရွက်ခဲ့၍ ဝမ်းသာဂုဏ်ယူပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေကျပ်သိန်း ၃၀၀၊ ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၄၂၀၊ စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၇၂၀ ကုန်ကျခံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပို၍ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ကျေးလက်မီးလင်းရေးဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

"ကျွန်တော် ဒီရွာမှာမွေး ဒီရွာမှာကြီးပြင်းခဲ့တာပါ။ ကျွန်တော်တို့ငယ်ငယ်ကတည်းက လျှပ်စစ်မီးရရှိရေးအတွက် မျှော်လင့်စောင့်စားခဲ့တာ ကြာပါပြီ။ အခု ဒီနေ့မီးလင်းပွဲဖွင့်ပွဲ အခမ်းအနားကျင်းပတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်တော်တို့အင်အားနဲ့ဆို ဒီလုပ်ငန်းက မအောင်မြင်နိုင်ပါဘူး။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံက အတိုးနှုန်းသက်သက်သာသာနဲ့ ချေးငွေရရှိလို့ အခုလိုအမြန်ဆုံး အကောင်အထည်ပေါ်လာတာပါ။ ရှမ်းပြည်နယ်အစိုးရနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ကုန်စည်စီးဆင်းမှုများမြန်ဆန်လာ



**ဂန့်ဂေါ၊ နိုဝင်ဘာ ၁၈**

ကလေး-ဂန့်ဂေါလမ်းသည် မိုင်အားဖြင့် ၉၁ မိုင်ခြောက်ဖာလုံရှိပြီး ယခင်ကာလများတွင် တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်သွားလာကြပါက တစ်ညနှစ်ညအိပ်ပြီး သွားလာခဲ့ကြရာမှ ယခုအချိန်တွင် ၄ နာရီခရီးဖြင့် နေ့ချင်းပေါက် သွားလာနိုင်ခဲ့ပြီဖြစ်သည်။

"ကလေး-ဂန့်ဂေါလမ်းဆိုတာက အင်္ဂလိပ်ခေတ်ကတည်းက တည်ရှိခဲ့တဲ့လမ်းဖြစ်ပါတယ်။ ကျောက်ချောလမ်းသာသာပဲရှိတယ်။ လမ်းကလည်းကျဉ်းသွားလို့ သွားလာလို့ကလည်း မကောင်းဆိုတော့ အသွားအလာ သိပ်မရှိဘူး။ အခုတော့ နိုင်ငံတော်ကနေပြီး အာရှပတ်လမ်းတွေ၊ သုံးနိုင်ငံမဟာမိတ်လမ်းတွေဆောင်ရွက်ဖို့ရှိတော့ လမ်းကျယ်လာပြီး လိုင်း ကားတွေ ပြေးဆွဲလာကြပြီ"ဟု ဂန့်ဂေါမြို့မှ ဦးအောင်နိုင်ကပြောသည်။

"၂၀၁၃ ခုနှစ်လောက်ကစပြီး လမ်းတွေကောင်းလာတယ်။ တံတားတွေဆိုလည်း သစ်သားတံတားတွေကနေ သံကူကွန်ကရစ်တံတားတွေဖြစ်လာပြီး လမ်းကတော့ တော်တော်လေးကို ကောင်းလာပြီလို့ ပြောလို့ရတယ်။ လမ်းတွေကြာရှည်ခံဖို့ကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေကနေ ကုန်တွေ အဆမတန်တင်တာတို့ စည်းကမ်းမရှိမောင်းတာတွေကို ကြပ်မတ်ဆောင်ရွက်ပေးစေချင်တယ်" ဟု ဂန့်ဂေါဒေသခံတစ်ဦးက ပြောသည်။

ယခင်ကာလများတွင် ကလေးမြို့မှ ဂန့်ဂေါမြို့သို့ ဟင်းသီးဟင်းရွက်များ၊ တမူးပစ္စည်းများ ပို့ဆောင်ကြရာတွင် ဆိုင်ကယ်နှင့် မီးရထားကိုသာ အသုံးပြုခဲ့ကြရာမှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီဖြစ်သောကြောင့် နေ့စဉ်ထွက်လိုင်းကားများဖြင့် အချိန်မရွေး ပို့ဆောင်နေကြပြီဖြစ်ကာ ကုန်စည်စီးဆင်းမှုများ မြန်ဆန်နေပြီဖြစ်သည်။**လင်းလက်ကြယ်စင်**

# ဘူးကျွန်းကျေးရွာတွင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဝါး အခမဲ့ကုသ

**ရေနံချောင်း၊ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဘူးကျွန်းကျေးရွာအုပ်စု ဘူးကျွန်းကျေးရွာတွင် နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ရေးနေ့အထိမ်းအမှတ် ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးအခမဲ့ကုသမှုကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေလွင်ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေလွင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး သူနာပြု(၁) ဒေါ်တင်မာဌေး၊ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မြင့်မြင့်ဆွေတို့က ဟောပြောပွဲသို့တက်ရောက်လာသော ပြည်သူ ၁၅၀ အား ဆီးချို၊ သွေးချိုရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျား၊ ရင်သားကင်ဆာ၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးနှင့် လူကုန်ကူးမှုများအကြောင်းများကို အကျယ်တဝင့် ဟောပြောခဲ့ပြီး ကျန်းမာရေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်ပြီး လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မြင့်မြင့်ဆွေနှင့် လိုက်ပါလာကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအသင်းဝင်များက ကျေးရွာရှိ ပြည်သူ ၆၈ ဦးတို့အား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး၍ ဆေးများကို အခမဲ့ပေးဝေခဲ့ခြင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌမှ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် အာဟာရပြည့်ကြက်ဥများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

(၁၈-၄-၂၀၁၄) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သဝဏ္ဏာ မှာစာများ

[illegible]

[illegible]

# စက်မှုဝန်ကြီးဌာန

## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

## အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းရှင်များသို့ ဒေသဆိုင်ရာဦးစီးဌာနရုံးများတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်နေ့ချင်းပြီး ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

**နေ့ချင်းပြီး စက်မှုလုပ်ငန်းမှတ်ပုံတင်ရန်**

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းလိုင်စင်/ခွင့်ပြုမိန့်များဖြင့် လိုအပ်သောအချက်အလက်များ မှန်ကန်ပြည့်စုံပါက မြန်မာနိုင်ငံအနှံ့အပြားတွင် လုပ်ကိုင်လျက်ရှိသည့် အငယ်စားနှင့် အလတ်စားပုဂ္ဂလိက စက်မှုလုပ်ငန်းများကို နေပြည်တော်ရုံးချုပ်သို့ တင်ပြဆောင်ရွက်ရန် မလိုအပ်တော့ဘဲ အောက်ဖော်ပြပါ ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများတွင် နေ့ချင်းပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဦးစီးဌာနမှူး ဖုန်း-၀၉-၈၆၀၂၀၃၁၊ ရုံးအဖွဲ့ ဖုန်း-၀၁-၅၅၁၀၀

(ခ) မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၂၀၈)၊ ၈၄လမ်း၊ ၃၆×၃၇လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဦးစီးဌာနမှူး၊ ဖုန်း ၀၂-၃၉၅၇၃၊ ရုံးအဖွဲ့ ဖုန်း-၀၂-၆၃၁၁၉

(ဂ) ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ အမှတ်(၁၃)၊ အမှတ်(၅၂)၊ မဥ္ဇူလမ်း၊ ပုသိမ်မြို့၊ ဦးစီးဌာနမှူး၊ ဖုန်း ၀၄၂-၂၉၀၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၄၂-၂၉၀၉၀

(ဃ) စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရတနာလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ ဦးစီးဌာနမှူး၊ ဖုန်း-၀၇၁-၂၃၂၀၄

(င) မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၅၀)၊ အထက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ မော်လမြိုင်မြို့၊ ဦးစီးဌာနမှူး၊ ဖုန်း-၀၅၇-၂၇၀၄၁၊ ရုံးအဖွဲ့ ဖုန်း-၀၅၇-၂၂၁၆၆

(စ) ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၂၀/၂၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့မရပ်၊ တောင်ကြီးမြို့၊ ဦးစီးဌာနမှူး၊ ဖုန်း-၀၈၁-၂၀၂၅၄၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၁-၂၁၂၂၄၄၄

(ဆ) မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့်၊ ရွာသစ်ပွဲကြိုရပ်၊ မကွေးမြို့၊ ဦးစီးဌာနမှူး၊ ဖုန်း၀၆၃-၂၇၄၃၃၊ ရုံးအဖွဲ့ ဖုန်း-၀၆၃-၂၅၁၄၃

(ဇ) ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဦးစီးဌာနမှူး၊ ဖုန်း၀၇၄-၂၂၄၁၅၊ ရုံးအဖွဲ့ ဖုန်း ၀၇၄-၂၉၃၈၆

(ဈ) တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန။ ဝဲကျွန်းညောင်ရမ်းရပ်ကွက်၊ ကုသိန္နာရုံလမ်း၊ ရွှေဝယ်သီရိအားကစားကွင်းအနီး၊ ထားဝယ်မြို့၊ ဦးစီးဌာနမှူး၊ ဖုန်း-၀၅၉-၂၁၁၄၆၊ ရုံးအဖွဲ့ ဖုန်း ၀၅၉-၂၄၀၁၉

(ည) ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ဆရာများ လေးထပ်ဆောင်ရုံးရှေ့၊ စစ်တွေမြို့၊ ဦးစီးဌာနမှူး၊ ဖုန်း-၀၄၃-၂၃၇၄၂

(ဋ) ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၄၀)၊ ဖွဲ့ကပင်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့၊ ဦးစီးဌာနမှူး၊ ဖုန်း-၀၅၈-၂၁၁၄၀၊

(ဌ) ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၉)၊ ၁၁လမ်း၊ ခွန်လီလမ်းထောင့်၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့၊ ။ ဦးစီးဌာနမှူး၊ ဖုန်း-၀၈၃-၂၁၀၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၃-၂၁၀၂၅

(ဍ) ချင်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်မီးသတ်ရုံးလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့၊ ဦးစီးဌာနမှူး၊ ဖုန်း-၀၇၀-၂၁၀၇၄၊

(ပ) ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၉)၊ သမိန်ဗရမ်းလမ်း၊ (၁၈)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ဦးစီးဌာနမှူး၊ ဖုန်း-၀၅၂-၃၀၂၄၈၊ ရုံးအဖွဲ့-ဖုန်း-၀၅၂-၃၀၈၅၂

(ဏ) နေပြည်တော်ကောင်စီနယ်မြေစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ (၁၁)ရပ်ကွက်၊ သပြေလမ်း၊ ပုဗ္ဗသီရိမြို့၊ ဦးစီးဌာနမှူး ဖုန်း-၀၆၇-၅၅၀၁၇၈၊ ရုံးအဖွဲ့ ဖုန်း-၀၆၇-၅၅၀၁၇၉

၂။ အငယ်စားနှင့်အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား နေ့ချင်းပြီး မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ ခရိုင်ရုံးများရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဝန်ထမ်းများက စီမံချက်ဖြင့် ကြိုတင်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက် ရှိပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး

အရှေ့ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၁၀၇၇၈၈၀၊ အနောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၀၇၂၀၇၀၆၊ တောင်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၀၇၀၈၅၄၄၊ မြောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၅၁၈၆၀၉၀

(ခ) မန္တလေးတိုင်းဒေသကြီး

မန္တလေးခရိုင်ရုံး ဖုန်း-၀၉-၄၂၅၀၀၃၉၅၀၊ မိတ္ထီလာခရိုင်ရုံး ဖုန်း-၀၉-၄၂၀၇၄၇၄၂၀၊ မြင်းခြံခရိုင်ရုံး ဖုန်း-၀၉-၄၀၁၅၁၉၅၁၃

(ဂ) ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်ခရိုင်ရုံး ဖုန်း-၀၉-၂၅၄၀၃၂၇၃၉၊ ဟင်္သာတခရိုင်ရုံး ဖုန်း-၀၉-၂၅၀၀၈၆၉၄၀၊ ဖျာပုံခရိုင်ရုံး ဖုန်း-၀၉-၂၅၀၄၄၆၉၂၇

(ဃ) စစ်ကိုင်းတိုင်းဒေသကြီး

ရွှေဘိုခရိုင်ရုံး ဖုန်း-၀၉-၂၁၅၁၀၆၂၊ မုံရွာခရိုင်ရုံး ဖုန်း-၀၉-၃၃၂၈၇၅၁၃၊ ကလေးခရိုင်ရုံးဖုန်း-၀၉-၄၀၂၅၀၅၄၆၇

(င) မကွေးတိုင်းဒေသကြီး

မကွေးခရိုင်ရုံး ဖုန်း-၀၉-၃၀၁၁၅၅၄၃၊ ရုံးအဖွဲ့ ဖုန်း-၀၆၃-၂၇၄၂၂၊ ပခုက္ကူခရိုင်ရုံး ဖုန်း-၀၉-၃၃၃၀၈၆၂၂၊ ရုံးအဖွဲ့ ဖုန်း-၀၆၂-၃၉၉၉၀

(စ) တနင်္သာရီတိုင်းဒေသကြီး

ထားဝယ်ခရိုင်ရုံး ဖုန်း-၀၉-၄၅၀၉၈၉၀၇၅၊ မြိတ်ခရိုင်ရုံး ဖုန်း-၀၅၉-၂၁၁၄၆၊ ရုံးအဖွဲ့ ဖုန်း-၀၅၉-၄၂၁၁၆

(ဆ) ပဲခူးတိုင်းဒေသကြီး

ပဲခူးခရိုင်ရုံး ဖုန်း-၀၉-၅၃၀၁၈၂၅၊ ရုံးအဖွဲ့ ဖုန်း-၀၅၂-၃၀၉၈၇၊ တောင်ငူခရိုင်ရုံး ဖုန်း-၀၉-၄၂၈၁၈၉၀၇၇၊ ရုံးအဖွဲ့ ဖုန်း-၀၅၄-၂၆၁၇၆၊ ပြည်ခရိုင်ရုံး ဖုန်း-၀၉-၄၅၁၂၃၅၃၉၈၊ ရုံးအဖွဲ့ ဖုန်း-၀၅၃-၂၄၃၀၇

(ဇ) နေပြည်တော်ကောင်စီ

ဥတ္တရခရိုင်ရုံး ဖုန်း-၀၉-၄၀၂၅၆၀၄၉၃၊ ဒက္ခိဏခရိုင်ရုံး ဖုန်း-၀၉-၂၁၆၆၁၁၆

(ဈ) မွန်ပြည်နယ်

မော်လမြိုင်ခရိုင်ရုံး ဖုန်း-၀၉-၈၇၂၅၃၉၅

(ည) ရှမ်းပြည်နယ်

တောင်ကြီးခရိုင်ရုံး ဖုန်း-၀၉-၄၅၈၀၄၀၉၉၀၊ လွိုင်လင်ခရိုင်ရုံး ဖုန်း-၀၉-၂၁၇၄၃၁၀၊ ကျိုင်းတုံခရိုင်ရုံး ဖုန်း-၀၉-၅၂၅၃၀၂၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၄-၂၃၂၁၅၊ လားရှိုးခရိုင်ရုံး ဖုန်း-၀၉-၂၁၅၁၀၃၇၊ ရုံးအဖွဲ့ ဖုန်း-၀၈၂-၂၃၈၂၈၊ ၂၃၆၉၂

(ဋ) ကချင်ပြည်နယ်

မြစ်ကြီးနားခရိုင်ရုံး ဖုန်း-၀၉-၄၃၀၂၁၈၄၇၊ ရုံးအဖွဲ့-ဖုန်း-၀၇၄-၂၈၀၇၂၊ ဗန်းမော်ခရိုင်ရုံး ဖုန်း-၀၉-၂၅၅၇၃၁၂၀၅

(ဌ) ရခိုင်ပြည်နယ်

စစ်တွေခရိုင်ရုံး ဖုန်း-၀၉-၂၅၀၄၆၁၄၈၄၊ ကျောက်ဖြူခရိုင်ရုံး ဖုန်း-၀၉-၃၆၂၃၁၇၀၁

(ဍ) ကရင်ပြည်နယ်

ဘားအံခရိုင်ရုံး ဖုန်း-၀၉-၃၃၀၁၂၅၄၂၊ မြဝတီခရိုင်ရုံး ဖုန်း-၀၉-၂၅၆၀၄၈၃၁၁

(ပ) ကယားပြည်နယ်

လွိုင်ကော်ခရိုင်ရုံး ဖုန်း-၀၉-၂၅၆၀၀၆၂၂၀၊ ရုံးအဖွဲ့ ဖုန်း-၀၈၃-၂၄၀၀၀၂

(ဏ) ချင်းပြည်နယ်

ဟားခါးခရိုင်ရုံး ဖုန်း-၀၉-၄၀၂၆၃၄၀၆၂

၃။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီကြိုတင်၍ ကွင်းဆင်းစစ်ဆေးရာ၌ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ပါအချက်များ ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

(က) စက်ရုံတည်နေရာ/လုပ်ငန်းနှင့်ဆက်စပ်သောဌာန/အဖွဲ့အစည်းများ၏ လိုင်စင်/ခွင့်ပြုမိန့်နှင့်အထောက်အထားများ

(ခ) လုပ်ငန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးနှင့် ထုတ်လုပ်မှုတန်ဖိုးများအပါအဝင် လုပ်ငန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းပြောကြားနိုင်မည့် လုပ်ငန်းပိုင်ရှင်(သို့မဟုတ်) တရားဝင်လွှဲအပ်ထားသည့် မန်နေဂျာ/ကိုယ်စားလှယ်၊

(ဂ) စက်ရုံလုပ်ငန်းကြောင့် ပတ်ဝန်းကျင်အား အနှောင့်အယှက်မဖြစ်စေရေးနှင့် ညစ်ညမ်းမှုမရှိစေရေးစီမံချက်

(ဃ) မီးဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်

(င) စက်ရုံအလုပ်သမားများ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေးနှင့် အန္တရာယ်ကင်းရှင်းရေးစီမံချက်။

၄။ အငယ်စားနှင့်အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးချက်အရ စိစစ်တွေ့ရှိချက်များကို အပတ်စဉ် ကျင်းပပြုလုပ်သည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးသို့တင်ပြပြီး ယင်းအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် နေ့ချင်းပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၅။ စက်မှုလုပ်ငန်းရှင်များသည် စက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်းအပါအဝင် စက်မှုလုပ်ငန်းဆိုင်ရာသိရှိလိုသည့် ကိစ္စရပ်များရှိပါကလည်းကောင်း၊ အခက်အခဲများရှိပါကလည်းကောင်း ဒေသအလိုက် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနရုံးနှင့် ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် အောက်ပါဌာနများသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၉၁

(ခ) ညွှန်ကြားရေးမှူး၊ လျှပ်စစ် စစ်ဆေးရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၅၇

(ဂ) ညွှန်ကြားရေးမှူး၊ ဘွိုင်လာစစ်ဆေးရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၅၀

## (၁)လပြည့် လွမ်းဆွတ်သတိရအမှတ်ရခြင်း

**ဦးဝင်းနိုင် (တ. က) အသက် (၆၈)နှစ် တပ်မတော်ရေ (ဆက်သွယ်ရေး) ငြိမ်း**

**(၁၉-၁၀-၂၀၁၄) (၁၉-၁၁-၂၀၁၄)**

ကျေးဇူးရှင်ခင်ပွန်းသည် မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၁၉-၁၁-၂၀၁၄ရက်ဆိုလျှင် (၁)လတိတိ ပြည့်ခဲ့ပါပြီ။ ခင်ပွန်းသည်၏ ကြီးမားလှစွာသော ကျေးဇူးများကို အစဉ်ဦးထိပ်ထားလျက် နေ့စဉ်ရည်စူး၍ ပြုလုပ်သည့် ကုသိုလ်ကောင်းမှုများနှင့် ကထိန်သင်္ကန်းများလှူဒါန်းခြင်း၊ ကောင်းမှု ကုသိုလ်အလှူဒါနများကို ခင်ပွန်းသည်မြင့်မြတ်ရာဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သိနိုင်၍ သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပြီး နိဗ္ဗာန်သို့တိုင် ခရီးဆက်နိုင်ပါစေ။

ဦးဝင်းနိုင်ရေ အမျှ . . . အမျှ . . . အမျှ . . .။

လွမ်းဆွတ်သတိရခြင်းများစွာဖြင့်-

**ချစ်ဇနီး ဒေါ်သိန်းနွဲ့ (ပြည်သူ့ကုန်တိုက်နှင့်နယ်စပ်ကုန်သွယ်ရေး-ငြိမ်း)**
**ချစ်သောတူ၊ တူမများ -**
**ဦးဇော်လင်း-ဒေါ်ချိုချိုဝင်း၊**
**(ဦးတင်အောင်ခိုင်)-ဒေါ်မာလာဝင်း (MRCS)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/5755 ၈င/၅၇၅၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)**

**သိက္ခာတော် (၆၅)ဝါ၊ သက်တော် (၈၅)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ သဒ္ဓမ္မပဇ္ဇောတာရုံတိုက်ကြီးနှင့် ပဇ္ဇောတာရုံတိုက်ခွဲ ရှစ်တိုက်တို့၏ အဓိပတိမဟာနာယက၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ ဂဏာရက္ခ လဇ္ဇီပေသလ သိက္ခာကာမ၊ ဝိနယဂရုက ဖြစ်တော်မူသော သိက္ခာတော် (၆၅)ဝါ၊ သက်တော်(၈၅)နှစ်ရှိ ဘဒ္ဒန္တ နာဂဝံသ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာထေရ်သည် (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) ၁၄-၁၁-၂၀၁၄ (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ပါ၍ တိပိဋကမဇ္ဈိမသဘင် ဆင်ယင်ကျင်းပပူဇော်လျက် (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်) ၂၀-၁၁-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအပ်ပါသည်။

**တပည့်သံဃာများနှင့် ဈာပနကော်မတီ**

## (၁) နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ကိုထိန်ဝင်းအောင် (မင်း-ဆီးချိုကျဆေး)**

ကိုထိန်

မထင်မှတ်ဘဲ မိသားစုကို ခွဲခွာသွားတာ ၁၉-၁၁-၂၀၁၄ ရက်မှာ (၁)နှစ်ပြည့် ခဲ့ပေမယ့် ရင်ထဲမှာ လုံးဝမမေ့ပါ။ လှူဒါန်းပြီး၊ လှူဒါန်းဆဲ ကုသိုလ်များကို အမျှ ပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ . . . အမျှ . . . အမျှ . . .

**မမိုးမိုးသင်း**
**သား-ကုရှေ့ဟိန်း (Grade-9(A)၊ လသာ-၁)**
**သမီး-မင်းချယ်ရီဟိန်း(Grade-6(A)၊ လသာ-၁)**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ကြည့်မြင်တိုင်မြို့နယ်တရားရုံး၌**

**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇**

| | | |
|---|---|---|
| ဦးကြင်စော | နှင့် | ၁။ ဦးဆန်းဦး<br>၂။ မယဉ်ယဉ်အေး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွဲလမ်း(အောက်ဘလောက်)၊ တိုက်-၁၅၊ ပထမလွှာနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ တပေကုလားကျေးရွာနေ (၂) တရားပြိုင် မယဉ်ယဉ်အေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “နှစ်ဦးသဘောတူငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်များပေါ်ပါ ငွေကျပ် ၉၆၁၅၀၀၀/-(ကျပ်ကိုးဆယ့်ခြောက်သိန်းတစ်သောင်းငါးထောင်တိတိ)နှင့် နစ်နာကြေးငွေကျပ် ၃၈၅၀၀၀/-(ကျပ်သုံးသိန်းရှစ်သောင်းငါးထောင်တိတိ) စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာတိတိ)ရလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်(၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာလ ၅ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွဲ့.နွဲ့.ရီ)**
**မြို့နယ်တရားသူကြီး**
**ကြည့်မြင်တိုင်မြို့နယ်တရားရုံး**

## အများသိစေရန်အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လဲ့လဲ့ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/အေ) မြေကွက်အမှတ်(၁၅၇)၊ ဧရိယာပေ (၈၀×၈၀)သည် ဗိုလ်မှူးချုပ်ကျော်စန်းလင်းအမည်ပေါက် မြေချပါမစ်မြေအမျိုးအစားဖြစ်ပြီး ၎င်းအမည်ပေါက်ပိုင်ဆိုင်ထားသော အဆိုပါ မြေကွက်အား ကျွန်ုပ်၏အမှုသည် ဒေါ်လဲ့လဲ့ဆွေမှ အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင် ထားပြီးဖြစ်ပါသည်။ ဒေါ်ဖြူဖြူဝင်းဆွေက ၄-၃-၂၀၁၄ရက်တွင် ကျွန်ုပ်၏အမှုသည် ဒေါ်လဲ့လဲ့ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့၍ ဒေါ်လဲ့လဲ့ဆွေမှ မြေချပါမစ်မူရင်းနှင့်တကွ ပိုင်ဆိုင်မှုအထောက်အထား အခိုင်အမာနှင့်အဆိုပါမြေကွက်အား လက်ရောက်ရယူကာ ယနေ့တိုင် လက်ဝယ် ပိုင်ဆိုင်ထားလျက်ရှိပါသည်။ ယခုအခါ ၄-၁၁-၂၀၁၄ရက်တွင် ဗိုလ်မှူးချုပ် ကျော်စန်းလင်း၏ဖခင် ဦးစန်းမောင်မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ပါမစ်ပျောက်ဂရန် လျှောက်ထားလာကြောင်း သိရှိရသဖြင့် ကျွန်ုပ်၏အမှုသည် ဒေါ်လဲ့လဲ့ဆွေမှလည်း အထက်ပါဌာနတွင် ပိုင်ဆိုင်မှု အထောက်အထားများ နှင့်တကွ ၅-၁၁-၂၀၁၄ရက်တွင် စာအမှတ်-၁၉၇၅၃ဖြင့် ကန့်ကွက်လွှာတင်သွင်းထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါမြေကွက်၏ပိုင်ရှင်အမှန်မှာ ကျွန်ုပ်၏အမှုသည် ဒေါ်လဲ့လဲ့ဆွေ သာဖြစ်ကြောင်းနှင့် ၄-၃-၂၀၁၄ရက် ဝယ်ယူသည့် အချိန်မှ ယနေ့အထိတစ်ဦးတည်းတရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် ပါမစ်ပျောက် ဂရန်လျှောက်ထားခြင်းအား ပယ်ဖျက်ပေးပါရန်နှင့် အဆိုပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့် ယှက်ခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာလိုက်ပါသည်။ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည် ဒေါ်လဲ့လဲ့ဆွေမှ တစ်ဦးတည်းသော ဥပဒေနှင့်အညီ ပိုင်ဆိုင်လက်ဝယ်ရရှိထားပြီးဖြစ်ပါ၍ ဒေါ်လဲ့လဲ့ဆွေမသိရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ဂရန်မိတ္တူ လျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားခြင်း၊ အိမ်သစ်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း လျှောက်ထားခြင်းတို့အား မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပျက်ကွက်ပါက ပါဝင်ပတ်သက်သူများအပေါ် တည်ဆဲဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **ဒေါ်လဲ့လဲ့ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင့်ဝါထွန်း(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၁၁၅)**
**အမှတ်(၁၉၂)၊ ပထပ်၊ ဘားလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## တစ်နှစ်ပြည့်သတိရအောက်မေ့ဖွယ်

**Dr. မျိုးမြင့်ဦး (B.V. Sc)**

**(၁၉-၁၁-၂၀၁၃) - (၁၉-၁၁-၂၀၁၄)**

**ချစ်လှစွာသော ‘ခင်ပွန်း’၊ မီးမီးနဲ့ သားသားတို့ရဲ့ ချစ်လှစွာသော ‘ပါပါး’**

အဖဘုရားသခင်၏ ကောင်းကင်ဘုံမှာ ငြိမ်းချမ်းစွာ အိပ်ပျော်သွားခဲ့တာ ဒီနေ့ဆိုရင် တစ်နှစ်ပြည့်ခဲ့ပါပြီ။ မိသားစုအပေါ် တာဝန်ကျေပြီး နွေးထွေးမှုအပြည့်အဝပေးခဲ့တဲ့ ‘ပါပါး’ နေ့ရက်အစဉ်တိုင်း ရှိနေပါတယ်။ အလိုတော်ရှိတဲ့ တစ်နေ့မှာ ဘုရားသခင်ရဲ့ အိမ်တော်မှာ ပြန်ဆုံဆည်းရမယ်ဆိုတဲ့စိတ်နဲ့ပဲ ဆုတောင်းနေရပါတယ်။

သတိရအောက်မေ့လျက်

**ချစ်ဇနီး ဒေါက်တာနော်စီစီသိန်း(B.V.Sc)**
**ချစ်သမီးလေး အလက်ဘဦး (T.T.C)**
**ချစ်သားလေး သင်္ဂဟဦး (J.T)**

## ကျေးဇူးအထူးတင်ရှိခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇ(၇)လမ်းနေ ကျွန်တော်၊ ကျွန်မတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုန်းတင့်အား ဆေးရုံစတက်သည့်နေ့မှစ၍ (၅)နှစ်တာကာလအတွင်း စေတနာအရင်းခံဖြင့် မိဘသဖွယ် ကြည့်ရှုစောင့်ရှောက်ကုသပေးခဲ့သော အောင်ရတနာသီရိဂုဏ်ဆေးရုံမှ အထူးကုသမားတော်ကြီး ဦးဇာနည်မြင့်ရွှေနှင့်တကွ တာဝန်ကျ ဆရာဝန်များ၊ သူနာပြုဆရာမလေးများ၊ ဝန်ထမ်းများနှင့် ကျေးဇူးရှင်မိခင်ကြီး၏ ဈာပနတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အား ကျွန်တော်၊ ကျွန်မတို့မှ ကျေးဇူးအထူးပင်တင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်ကျော်ဦး MYANMAR IBERCHIN CO.,LTD (Myanmar Emperial Co.,Ltd)

**အပါအဝင် သက်ဆိုင်သူများနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်း[၁၂/မဂတ(နိုင်)၀၁၆၁၉၃]ဒါရိုက်တာ Myanmar Iberchen Co.,Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းအသိပေးကြေညာ အပ်ပါသည်။

၈-၁၁-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၆)နှင့် ၁၁-၁၁-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)တို့တွင် ဦးကျော်ကျော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေများမှ အများသိစေရန်ကြေညာခြင်းခေါင်းစဉ်ပါ ကြေညာချက်မှာ ဦးသန်းထွန်းအပေါ် မမှန်မကန်စွပ်စွဲကြေညာခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေဦးသန်းထွန်းနှင့် ဦးကျော်ကျော်ဦး ၏ဖခင် ဦးလှမောင်(ခ)မာမက်အီစ္စမိုင်တို့မှာ ညီအစ်ကိုဝမ်းကွဲတော်စပ်ကာ ဦးသန်းထွန်း (၁၆)နှစ် သားအရွယ်ကတည်းက အစ်ကိုဖြစ်သူနှင့်လုပ်ငန်းအတူလုပ်ကိုင်ခဲ့ပြီး ဦးသန်းထွန်းမှာအစ်ကိုဖြစ်သူ ၏ လုပ်ငန်းများနှင့် ကုမ္ပဏီတည်ထောင်ရာတွင်လည်း လူယုံလူရင်းအစုရှယ်ယာရှင်တစ်ဦးအဖြစ် လုပ်ငန်းလုပ်ကိုင်ခဲ့သည်ကို ပတ်ဝန်းကျင်လူသက်သေများနှင့် သာသနာ့ပညာရှင်များ သက်သေရှိ ပါသည်။ ဦးသန်းထွန်းသည် အစ်ကိုဖြစ်သူဦးလှမောင်(ခ)မာမက်အီစ္စမိုင်၏ မိသားစုအပေါ် မည်သည့်အချိန်ကမှ ထိခိုက်နစ်နာအောင်ပြုလုပ်ခဲ့ခြင်းမရှိသည့်အပြင် ကုမ္ပဏီစည်းကမ်းဖောက် ဖျက်ခဲ့ခြင်းလည်းမရှိပါ။

ဦးသန်းထွန်းသည် အစ်ကိုဖြစ်သူ သက်ရှိထင်ရှားရှိစဉ်နှင့် ကွယ်လွန်ပြီးနောက်ပိုင်း မိသားစု ပြဿနာအဝဝကို ဦးဆောင်ကူညီ ဖြေရှင်းခဲ့သူဖြစ်ပါသည်။ ယခုကဲ့သို့ သတင်းစာတွင်ထည့်သွင်း ကာ ဦးသန်းထွန်းအားကုမ္ပဏီမှထုတ်ပယ်ကြောင်း၊ ကုမ္ပဏီအကျိုးစီးပွားနှင့် ပုဂ္ဂလိကအကျိုးစီးပွား ထိခိုက်နစ်နာအောင်ပြုလုပ်ကြောင်း ကြေညာချက်များမှာ ဦးသန်းထွန်းအပေါ် တမင်ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းအောင် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဦးသန်းထွန်းသည် ယနေ့အချိန်အထိ Myanmar Iberchen Co.Ltd၏ တရားဝင်ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ရပ်တည်လျက်ရှိပြီး မိမိ၏အစုရှယ်ယာကိုရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပြုလုပ်မထားသည့်အတွက် အစုရှယ်ယာဝင် ဒါရိုက်တာတစ်ဦးအား ကုမ္ပဏီမှတစ်ဖက်သတ်ထုတ်ပယ်ခွင့်မရှိပါ။ ဦးသန်းထွန်းအနေဖြင့် ဦးကျော်ကျော်ဦးအပါအဝင် ၎င်းမိသားစုလုပ်ကိုင်နေသည့် ရေမွှေး၊ အမွှေးတိုင်၊ အမွှေးအနံ့ဆီအမျိုး မျိုးတို့ကို ဖြန့်ချိသည့်လုပ်ငန်းနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသော်လည်း မိမိ၏မိသားစုဘဝ ရပ်တည်ရေးအတွက် မိမိတတ်မြောက်သည့် ရေမွှေးနှင့် အမွှေးတိုင်လုပ်ငန်းကို သီးခြားလုပ်ကိုင် လျက်ရှိရာ ထိုသို့သီးခြားလုပ်ငန်းလုပ်ကိုင်နေခြင်းအပေါ် တားမြစ်ပိုင်ခွင့်မရှိပါ။ ကျွန်ုပ်တို့၏ မိတ်ဆွေအနေဖြင့် အစ်ကိုဖြစ်သူ၏ ဇနီးသားသမီးများအပေါ်တွင် စေတနာဖြူစင်စွာ ထားသည့်အတွက် မိမိအပေါ်တူဖြစ်သူမှ ၎င်း၏မိခင်ရှေ့တွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှု ကိုပင် ခွင့်လွှတ်ခဲ့သူဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေအား တစ်ဖက်သတ်စွပ်စွဲ၍ ကုမ္ပဏီမှထုတ်ပယ်ကြောင်း အကြိမ်ကြိမ်ကြေညာခဲ့သည့် ကြေညာချက်အား ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်းပြန်လည် ရုပ်သိမ်းပေးရန် အသိပေးတောင်းဆိုလိုက်ပါသည်။ ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက တည်ဆဲဥပဒေအရ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဦးကျော်ကျော်ဦးအပါအဝင် သက်ဆိုင် သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသန်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမြင့်အောင်(LL.B)** | **ဒေါ်ချိုဝေဇင်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၉)** |

**အမှတ်-၉/၁၁၊ အခန်း-၃၀၆(၄လွှာ)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၉၄၁၉၊ ၀၉-၂၅၄၆၁၉၁၂၃**

## ရာသက်ပန် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်လှခင်၏မွေးစားသမီးဖြစ်သူ မခိုင်ခိုင်ကျော် [၁၂/မရက(နိုင်)၁၂၄၈၈၁]သည် မိဘများအား စိတ်ဆင်းရဲအောင်၊ အရှက်ရအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ ရာသက်ပန် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စများအားလုံးကို လုံးဝတာဝန်မယူပါ။

**ဒေါ်လှခင်[၁၂/မရက(နိုင်)၀၈၉၃၁၃]**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး**

**ဒေါ်အုန်းရီ(ရွှေကျင်)**

**အသက်(၈၅)နှစ်**

သူငယ်ချင်း ကိုမိုးအောင်၏မိခင် ဒေါ်အုန်းရီ(ရွှေကျင်) ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီးသည် ၁၃-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)ည ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုမြတ်သူ-မကေ**
**မြတ်အိန္ဒြေမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးချမ်းမြ (အုပ်ချုပ်မှုဒါရိုက်တာ-Octagon International Services Co.,Ltd.)-ဒေါ်အေးအေးသန့်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ရီရီ အသက်(၇၁)နှစ်သည် ၁၆-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစု**
**Octagon International Services Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအေး(မင်းကုန်း)**

**အသက်(၇၇)နှစ်**

ဒုတိယဗိုလ်မှူးကြီးဆန်းလွင်(ငြိမ်း)၏ ဖခင် ဦးအေး(မင်းကုန်း)သည် ၁၀-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**တေဇ(၁၅)မှသူငယ်ချင်း၊ မိသားစုများ**

## တံဆိပ်အမည်အမှတ်အသားတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၄/၂၆)၊ အခန်းအမှတ်(၄-ဘီ/စီ)၊ မြင်းပြိုင်ကွင်းကွန်ဒိုတွင်တည်ရှိသော DEVICE SERVICES Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၉၄/၀၅-၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

TeleMax

အထက်တွင်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားဖြင့် Handset အရောင်းဆိုင်များ ဖွင့်လှစ်ခြင်းနှင့် ဖုန်းနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများရောင်းချမှုတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။ အဆိုပါ တံဆိပ်အမှတ်အသားနှင့် အမည်ကို ကြော်ငြာဆိုင်းဘုတ်၊ ဘလောက်တုံး၊ ငွေရပြေစာ၊ လက်ကမ်းစာစောင်များ၊ သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ Letter Head, Facebook, website, g-mail, e-mail အစရှိသည်တို့တွင် အရောင်အသွေးအမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးအသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ DEVICE SERVICES CO.,LTD သည် တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၄/၁၆၄၁၉)ဖြင့် မှတ်ပုံတင် သွင်းထားပြီးဖြစ်၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်နှင့် အမည်ကို ခွင့်ပြုချက်မရှိဘဲ မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား သုံးစွဲနေသည်များအား တွေ့မြင်သိရှိပါက တည်ဆဲဥပဒေများနှင့် အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ထိရောက်စွာ တရားစွဲဆို အရေးယူ သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးချမ်းမြေ့လင်း(LL.B)** | **ဦးကျော်စွာမြင့်(LL.B, DBL, DIL)** |
| **(စဉ်-၂၇၂၆၀)** | **(စဉ်-၃၈၇၇၀)** |

**အထက်တန်းရှေ့နေများ**

**အမှတ်-၈၃/၇၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၀၄၈၁၂၊ ၀၉-၄၅၀၀၂၇၇၄၆၊ ၀၁-၃၈၅၂၀၅**

### ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍

# ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးမှုများဖိတ်ခေါ်

**ရန်ကုန် နိုဝင်ဘာ ၁၈**

အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီက ညှိနှိုင်းဆွေးနွေးသည့်အနေဖြင့် ယနေ့ နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခေါ်ခင်စန်းရီ၊ ပညာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်ပါမောက္ခများ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသော သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာခေါ်ခင်စန်းရီက ဆွေးနွေးပြောကြားရာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရန် ကျောင်းသားအချို့က ဆန္ဒပြတောင်းဆိုမှုများရှိလာကြောင်း၊ ဥပဒေတစ်ရပ်ကို မကျင့်သုံးရသေးဘဲ ပြင်ဆင်ဖို့ဆိုသည်မှာ အဆင့်တစ်ခုကို ကျော်နေခြင်းဖြစ်ကြောင်း၊ မကြာမီကာလတွင် နည်းဥပဒေမူကြမ်းနှင့် ဥပဒေကြမ်းများ၊ အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာစသည့် ကဏ္ဍအလိုက် ထုတ်ပြန်သွားနိုင်တော့မည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာမှာ လွတ်လပ်စွာစီမံခန့်ခွဲမှု အပြည့်ပေးရန် ပုဒ်မ (၂၆)တွင် အတိအလင်းဖော်ပြထားပြီးဖြစ်၍ ဆက်စပ်ဥပဒေများ ရေးဆွဲသွားမှာဖြစ်ကြောင်း၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ***


## မာ တိ ကာ

**ပြည်သူ့လူထု ပူးပေါင်းပါဝင်မှ အောင်မြင်**
စာမျက်နှာ - ၂

**ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နှလုံးခွဲစိတ်မှုနှင့် လက်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်**
စာမျက်နှာ - ၁၀


### ၂၀၁၄ ခုနှစ် ASEAN ESC Award ဆုအား

# ရန်ကုန်မြို့မှ ဆွတ်ခူးရရှိ



**ရန်ကုန် နိုဝင်ဘာ ၁၈**

အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးသော မြို့ကြီးများအဖွဲ့မှ ပေးအပ်သော ၂၀၁၄ ခုနှစ်အတွက် လာအိုနိုင်ငံ Vientiane မြို့တွင် ပေးအပ်ချီးမြှင့်သည့် ASEAN ESC Award ဆုကို မြန်မာနိုင်ငံအတွက် ရန်ကုန်မြို့မှ ဆွတ်ခူးရရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အာဆီယံနိုင်ငံများရှိ မြို့ကြီးများတွင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု နည်းပါးစွာဖြင့် လေထု၊မြေထု၊ ရေထု သန့်ရှင်း၍ အစဉ်ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများဖြစ်ပေါ်လာစေရန်နှင့် မြို့ကြီးများအချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကွန်ရက်တစ်ခုဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ပေးနေသော အဆိုပါ အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးသော မြို့ကြီးများအဖွဲ့ (AWGESC) မှာ အာဆီယံနိုင်ငံများအတွက် သုံးနှစ်တစ်ကြိမ် ASEAN ESC Award ဆုများအား ပေးအပ်ချီးမြှင့်ပေးနေကြောင်းလည်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က "အာဆီယံမှာပါဝင်တဲ့ နိုင်ငံတိုင်းအတွက် သုံးနှစ်တစ်ကြိမ်ပြုလုပ်ပေးနေကျပါ။ တစ်နိုင်ငံကို တစ်မြို့ဆုပေးပါတယ်။ ဝင်ပြိုင်ရင်ဆုပေးတယ်၊ ဝင်မပြိုင်တဲ့မြို့ကတော့ ဆုမရပါဘူး။ မြန်မာနိုင်ငံက ၂၀၀၆ ခုနှစ်မှာ စတင်ပါဝင်ခဲ့တာပါ။ နှစ်သိမ့်ဆုရခဲ့ပါတယ်။ ကျွန်တော်က AWGESC အတွက် မြန်မာနိုင်ငံဆိုင်ရာ National Focal Point person အဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့အတွက်ကို

**စာမျက်နှာ ၁၁ ကော်လံ ၂ သို့ ❂**



# နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင်ကစားသမား ၂၀ ဖြင့် လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲဝင် မြန်မာယူ-၁၉ အမျိုးသမီးအသင်းကို ကစားသမားအချို့ပေးထားရသောကြောင့် လူစုံလေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ ဒီဇင်ဘာလဆန်းမှသာ လူစုံနိုင်ဖွယ်ရှိနေသည်။

မြန်မာအမျိုးသမီး အသင်းမှာ ၂၀၁၅ ခုနှစ် မတ်လအတွင်း၌ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲ၊ ဧပြီလအတွင်း၌ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရန်ရှိနေပြီး အိုလံပစ်ခြေစစ်ပွဲ ပထမအဆင့် အောင်မြင်ရန်နှင့် အာဆီယံပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက်

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ○**







**စုစု ကုန်ပြည်ပ ခရီးသွားစီစဉ်မှုများ**

[illegible]

ဖုန်း 01.566101 , 09-73060048 , 09-2011312

**ပေါ်ပြူလာဝေဘား** Travel & Services

ကောင်ကြီး–အင်းလေးခရီးစဉ်- Nov 14, Dec 25, Dec 26, Jan 1

မွန်လေး–မြင်းမိုကျွန်ခရီးစဉ်- Dec 25, Jan 1

(Door to Door [illegible])

Dawei Beauty

Happy New Year မှာ [illegible]

- [illegible] 25 December
- [illegible] - Shopping 30 December
- [illegible] 25 December
- [illegible] 29 December
- [illegible] 25 December
- [illegible] 25 December
- [illegible] 29 December

Tour Office : အမှတ်-136/C-1, [illegible]

ဖုန်း: 01 294326, 01 [illegible], 01 [illegible], 09 [illegible], 09 [illegible]

## ၃-၁၁-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၅) တွင် ဖွန်လွှင်နှင့်ဆောင်းဝိုင်တို့၏ အထူးသတိပေးကြော်ငြာအား အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

[illegible]

Ayeyarwaddy Legend Travels & Tours

**စိန်ရောင်ခြည်**

[illegible]

## ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

[illegible]

ဒီတ်ဝေါ အမျိုးသား အမျိုးသမီးအလှတော်တန်းစက်ဘီးပြိုင်ပွဲ Road Race, Mountain Bike Race

နှင့်

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပထမစက်ဘီးသမားရွေးချယ်ပွဲ ကျင်းပပြုလုပ်မည်။

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မြန်ရွှေပြည်ထရက်တာလီမိတက် (MSP Tructors Ltd) တို့ပူးပေါင်း၍ (၂၃-၁၁-၂၀၁၄)ရက်နေ့တွင် Road Race ပြိုင်ပွဲကို ကျည်းကျွန်းမြို့နယ် ဥယျာဉ်စ [illegible] Mountain Bike Race ပြိုင်ပွဲကို ဒါးစုစုတောင် [illegible] တွင်လည်းကောင်း၊ အသက်(၁၉)နှစ်အောက်၊ အသက်(၁၉)နှစ်မှ အသက် (၂၅)နှစ်ထိနှင့် အသက်(၂၅)နှစ်နှင့်အထက် အတန်း(၃)တန်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပထမစက်ဘီးသမားရွေးချယ်ပွဲကို (၆-၁၂-၂၀၁၄) ရက်နေ့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်း အမျိုးသား (၅၀)ကီလိုမီတာ၊ အမျိုးသမီး (၃၀) ကီလိုမီတာ [illegible] ရွေးချယ်သွားမည်ဖြစ်ပြီး အသက် (၁၉)နှစ်နှင့်အထက် မည်သူမဆိုဝင်ရောက် ရွေးချယ်ခံနိုင်ပါသည်။

ပါဝင်ယှဉ်ပြိုင်မည့် စက်ဘီးအားကစားသမားများသည် ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၀၉၇၃၀၅၅၆၃၀၊ ၀၉၂၅၀၈၃၈၈၆၀ များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

[illegible]

**Seminar in Supply Chain Management**

PASAS (S'pore) မှ Certificate [illegible]

Speaker: Dr [illegible]

DBA, MBA, BBA, [illegible]

Director of Purchasing & Supply Association S'pore (PASAS)

[illegible]

More Information : YCTC Business Institute

အမှတ် [illegible]

Ph : (01) 542033, (09) 420116100 , (09) 250640429

# သာကီနွယ်

(7) သိန်း (8) သိန်း

Nov / Dec Jan : 7,14,21,28 Feb : 4,11,18,25 Mar : 4,11,18,25 Apr : 1,8

Hot Line - 01-200952

# YCTC Business Institute

abe

အင်္ဂလန်နိုင်ငံ Association of Business Executives (ABE) မှ တိုက်ရိုက်စစ်ဆေးသောအင်္ဂလိပ်

**Higher Diploma in Business Management**

8 Modules : 1 year

**Graduate Diploma in Business Management**

5 Modules : 6 months

- Installment Plan Available !!
- Study Grant for Outstanding Students !!

December Intake

Ph : (01) 542033, (09) 420118100, (09) 250640429

# "သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကားဝယ်ပို့"

❖ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။

❖ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။

❖ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

**Show Room(1)** - Ph: 01-400785, 09-254342575, 09-5147128

**Show Room(2)** - Ph: 09-254346475, 01-8500492

**Show Room(3)** - Ph: 09-254342979

**Mandalay** - Ph: 09-795594006, 09-795594008



၁၂ နှစ်ပြည့်အကြိုအမြစ်

မိတ်ဆွေကောင်းမိတ်သစ်များအား Container သယ်ယူပေးပို့

Yangon → Singapore
→ Malaysia : Portklang, Penang, Sibu, Kota Kinabalu
→ Vietnam : Hochiminh City, Haiphong
→ Thailand : Bangkok
→ India : Chennai, Nhavasheva, Calcutta, ICD Ports
→ China : Shanghai, Wenzhou, Qingdao, Guangzhou
→ Gulf Ports & Middle East Ports
→ Korea : Busan, Incheon

**Integrated Shipping Co.,Ltd.**

No.95, ရန်ကုန်မြို့

Ph : 01-299559, 201663, 398525,

ဆက်သွယ်ရန် 09-43185086

E-mail: shwephyoe@iscl.com.mm
express@iscl.com.mm

**Bio Sys Pharmaceutical Co.,Ltd** မှ ဝန်ထမ်းများအလိုရှိသည်

1. Marketing Manager M (1) Post

(27.11.2014) GL Group HR Department

Bio Sys Co.,Ltd. A member of the GL Group


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ် (၇၆၈/က) (အလျား ပေ၂၀×အနံ ပေ၆၀) မြေကွက်ရရှိသူ အမည်ပေါက် ဦးခင်ညွန့်(သေဆုံး)၏ဇနီးဖြစ်သူ ဒေါ်ခင်စိန်(ဘ)ဦးဘသွင်[၁၂/ပဇတ(နိုင်)၀၀၂၅၈၇]ကိုင်ဆောင်သူက ငွေသွင်းချလန်ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ပြုလုပ်ပေးရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြေညာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန် ဆောက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**


BMW EfficientDynamics
Less consumption. More driving pleasure.
The all-new BMW X4
THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.
THE ALL-NEW BMW X4, NOW IN MYANMAR.
Put your mind at ease with the BMW Service Inclusive (3-years Warranty & Maintenance package) and 1-year Comprehensive Motor Insurance.
To view the cars please visit : #485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Contact : +95 (1) 2306133, +95 (9) 8633 209 or email : info@pac-bmw.com Facebook : www.facebook.com/BMWPAC
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.


DAGON CITY 1
BY MARGA LANDMARK
Make Myanmar More Beautiful
LUXURY AT ITS BEST
PHASE 2
NOW AVAILABLE
FOR RESERVATION
3-5 BEDROOM UNITS ═ 1800SQF - 2800SQF
PHASE 1
FULLY
RESERVED IN
18 DAYS
Developed by:
MARGA LANDMARK
MEINHARDT
GALLERY SHOWROOM ADDRESS
U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon
TEL: +95 9 4482 55555 WWW.DAGONCITY1.COM


"ရာဇဝတီဘဏ်မှ မိတ်ဆွေများအတွက်အကျိုးရှိစေမယ့်
စိတ်ဝင်စားဖွယ်ရာ အစီအစဉ်တစ်ခုကို မိတ်ဆက်ပေးပါရစေ..."
ရာဇဝတီဘဏ်
AYA Bank
AYA Premium Savings Deposit
AYA Premium Passbook
AYA Internet Banking
24/7
AYA Premium Account
www.ayabank.com


AGD BANK
Asia Green Development Bank Limited
အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်
Promotion
ဆောင်းအကြို
COMPLIMENTARY PROGRAM
AGD Bank
(auto pay)
Promotion
Online Deposit Account
AGD
အခသာစိတ်ချဆက်သွယ်နိုင်ရန် (24 Hour Hotline) - 01 - 376631, 09 2546 20543
















သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး


K
KANTHARYAR
CENTRE
Open
21.11.2014
SPECIAL DISCOUNT
OFFICE TOWER
FIVE-STAR HOTEL
OFFICE TOWER
SERVICED APARTMENT
RESIDENCE
SHOPPING CENTRE
VIP Line 09 32108999
01 8619346 \ 09 73247617
Project Address
Company Address
AMCD





















သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး


DIAMOND
INYA PALACE
Soaring Supremely In The Midst Of The City.
Tallest In Yangon
OPENING FOR SALE
အင်းယားကန်ဘေးမှာ အမြင့်ဆုံးထီးထွက်လာမယ့် ရတနာ..... 34th Storey Diamond Inya Palace condominium
Architect
MEP
Project Management

[illegible]

BUSINESS PLUS TRAVEL & TOURS Tel : [illegible]

GOLDEN STAR
Ph: [illegible]

သွေးသည်အသက်

NATURAL BREEZE Travels & Tours
[illegible]

FIRST CHOICE Travels & Tours
[illegible]

SAMPAR OO
soft drink



Ph: 09- 5080512, 09- 5504808, 01- 618290, 01- 618291

Junction
ယနေ့ 14.11.2014 မှ စတင်ပြသမည့် ဇာတ်ကားများ

| | | |
|---|---|---|
| Mister Babadook | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Left Behind | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| [illegible] | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Mister Babadook | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| [illegible] | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| [illegible] | Mon to Thu | 11 AM , 2 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM |







| | | | |
|---|---|---|---|
| 1 [illegible] | (85×70) | [illegible] | 8000L |
| 2 [illegible] | (30×60) | [illegible] | 5150L |
| 3 [illegible] | (30×100) | [illegible] | 4500L |
| 4 [illegible] | (40×60) | 2RC | 4000L |
| 5 [illegible] | (83×60) | [illegible] | 3650L |
| 6 [illegible] | (60×80) | [illegible] | 2800L |
| 7 [illegible] | (24166ft) | [illegible] | 2050L |
| 8 [illegible] | (30×60) | 1PT | 2000L |
| 9 [illegible] | (40×60) | 1PT | 1400L |
| 10 [illegible] | (40×60) | 1PT | 980L |
| 11 [illegible] VIP | (60×60) | [illegible] | 650L |
| 12 [illegible] | (70×65) | 2RC | 120L |
| 13 [illegible] | (9000ft) | 1RC | 150L |
| 14 [illegible] | (60×60) | [illegible] | 75L |
| 15 [illegible] | (20×50) | 3RC | 35L |
| 16 [illegible] | (40×60) | 2RN | 35L |
| 17 [illegible] | (20×50) | 3RC | 35L |
| 18 [illegible] | (40×60) | 2RN | 15L |
| 19 [illegible] | (20×60) | 2RN | 18L |
| 20 [illegible] | (40×60) | [illegible] | 12L |
| 21 [illegible] | (20×60) | 2RN | 10L |
| 22 [illegible] | (40×60) | 1RC | 8L |

☎ - 0973161672, 0973484343, 0973054642

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

PUN HLAING HOSPITAL

[illegible]

[illegible] (Arthroscopy)

Ilizarov [illegible]



[illegible] Email : [illegible]